# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

## ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ နှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန် များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြား ထားသောဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီး များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁*




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦး အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့် — ပြည်တွင်းသတင်း စာ ၅

မျိုးဆက်သစ်များ စွမ်းပကားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတည်ဆောက်အံ့ — ဆောင်းပါး စာ ၈

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

✻ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် (၁) မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် **"ပြည်သူ့ရဲတပ်ဖွဲ့"** ဟုခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"** ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ထားပြီး ပြည်သူ့အကျိုးစီးပွားကိုပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိလာသည်မှာ ယခုအခါ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

**မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် ဒို့တာဝန်အရေး(၃) ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ် အောင်မြင်စေရေး အလေးထား ဆောင်ရွက်လျက်ရှိပြီး တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှု ချေမှုန်းရေးကိုလည်း ပိုမိုလက်တွဲ ပူးပေါင်းဆောင်ရွက်ရန် အလေးထားသွားကြရမည်ဖြစ်**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ် အောင်မြင်စေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန် အလေးထားသွားကြရမည်ဖြစ်ကြောင်း။

**အောင်မြင်အောင်အကောင်အထည်ဖော်**

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆို သည့် လုပ်ငန်းတာဝန် (၆) ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်**သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ **ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေဖို့လိုကြောင်း။**

ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးသည့်နိုင်ငံများတွင် ရွေးကောက်ပွဲသည် အဓိကအကျဆုံး ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို စတင်ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ပြည်သူများလိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ပြန်လည်ဖော်ဆောင်ခိုင်မာစေပြီး ပြည်သူ့လက်ကို အရောက်အပ်နှင်းတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူ့လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန်** မှာကြားလိုကြောင်း။

**ဖြေရှင်းဆောင်ရွက်သွားရမည်**

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း၊ အဆိုပါမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မဟုတ်သည့်အတွက် နိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်တုံ့ပြန်မှုနှင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအဆင့် ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို ဆောင်ရွက်ပေးနေသကဲ့သို့အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ တရားခံ ၅၁၁၅ ဦးကို စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၇ ဘီလီယံကျော်ရှိသည့် မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ **ယခုကဲ့သို့ကမ္ဘာကို ဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ချီးကျူးဂုဏ်ပြုသည်**ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင်ယခင်က ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ခဲ့ရာမှ ယခုထိန်းချုပ်ဓာတုပစ္စည်း လေးမျိုး ထပ်တိုးပြီး စုစုပေါင်း ၄၃ မျိုးကို ထုတ်ပြန်ထားကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မီးရှို့ဖျက်ဆီးပွဲတွင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး၊ စုစုပေါင်းငွေကျပ် ၁၀၇၂ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၂၉၇ သန်းကျော်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

**ပူးပေါင်းဆောင်ရွက်**

**မူးယစ်ဆေးသည် လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုန်းစေမည့်အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးထုတ်လုပ်နိုင်သည့် အရင်းအမြစ်များကအစ ဖော်ထုတ်ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မူးယစ်ဆေးကို အမျိုးသားရေးခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်လာစေရေး ပညာပေးခြင်း၊ ဆန့်ကျင်ခြင်း၊ နှိမ်နင်းခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ စတုတ္ထ ၅ နှစ်စီမံကိန်း(၂၀၂၂-၂၀၂၆) ခုနှစ်ကို မဟာဗျူဟာ(၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်၊ လုပ်ငန်းကဏ္ဍ (၄) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများအရ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအထိ အမှုပေါင်း ၇၂ မှု စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျား (၃)ဦးတို့ကိုပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကာ မြန်မာငွေကျပ် ၄ ဒသမ ၆၀၅ ဘီလီယံခန့်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တရားမဝင်အွန်လိုင်းဂိမ်းနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုတို့ကို အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူမှု ၁၆၂ မှု၊ တရားခံ ကျား ၁၈၈၂ ဦး၊ တရားခံမ ၆၀၉ ဦး၊ စုစုပေါင်း ၂၄၉၁ ဦးကို အရေးယူနိုင်ခဲ့ကြောင်း။

**ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့် ဂုဏ်ပြုပေးလျက်ရှိ**ကြောင်း၊ **မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဖွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားပါကြောင်းနှင့် မိသားစုများကိုလည်း အသိအမှတ်ပြုသည်**ကို ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှယနေ့ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ရဲသူရတံဆိပ် ၅ ဦး၊ ရဲဗလတံဆိပ် ၂၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် တစ်ဦး၊ ရဲသူရိန်တံဆိပ် ၁၀ ဦး၊ ရဲကျော်စွာတံဆိပ်နှစ်ဦးအပါအဝင် စုစုပေါင်း ၄၅၈၇ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း။ *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်၊ ဒေသခံပြည်သူလူထု၊ သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရေးပေါ်တုံ့ပြန်မှုအား အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း၊

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့် မျှော်မှန်းချက်များနှင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုသို့ တည်ဆောက်ရာတွင် ခေတ်မီလက်နက် အသုံးအဆောင်ပစ္စည်းများ စသည်များကို ခေတ်ကာလနှင့် လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ ပြည်သူလူထုနှင့် အနီးကပ်ဆက်သွယ်ဆက်ဆံနေထိုင်ရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စည်းရုံးရေးတို့ကို ပြည်သူနှင့်တစ်ဆက်တည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန် (၄) ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကိုပြသသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ သုံးဦးကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ နှစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း IFRC ၏ ဒုတိယအထွေထွေအတွင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း(IFRC) အဖွဲ့၏ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Milton Xavier Castellanos Mosquera အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် IFRC အဖွဲ့မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံ့ရမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ပံ့ပိုးကူညီနေသည့် ကိစ္စရပ်များ၊ IFRC မှ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့်ကိစ္စရပ်များတွင် ပံ့ပိုးပေးလျက်ရှိသည့်အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် IFRC တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။(ယာပုံ)

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်

**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်



ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ် တန်းမြင့်စစ်ပညာသင်တန်း တို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ကော်မရှင်အဖွဲ့ဝင်များ(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အနုပညာရှင်များ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

**(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိ တစ်ဦး၊ အခြားအဆင့်နှစ်ဦးနှင့် စွမ်းရည်သတ္တိအတွက်ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ တစ်ဦး၊ စွမ်းဆောင်မှုအတွက်ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ လေးဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အနုပညာရှင် ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် ဝင်းဗိုလ်က စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် တစ်ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့်ကိုးဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်က ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် ခြောက်ဦး၊ ရဲချုပ်၏ ဇနီးက အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသူ အမျိုးသမီးတစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အမျိုးသားအဆင့် အသင်းအဖွဲ့ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းမှုဆိုင်ရာ Under-Secretary-General Mr. Milton Xavier Castellanos Mosquera အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ၏ အမျိုးသားအဆင့်အသင်းအဖွဲ့ ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းမှုဆိုင်ရာ Under–Secretary–General Mr. Milton Xavier Castellanos Mosquera အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် IFRC ၏ Under–Secretary–General က မန္တလေးငလျင်ကြီးအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် IFRC နှင့် MRCS တို့ ပူးပေါင်း၍ အကူအညီပေးအပ်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ ရဲချုပ်၏ အမှုထမ်းကောင်း လက်မှတ်ပေးအပ်ချီးမြှင့်ခံရသူ တပ်ဖွဲ့ဝင်များကို ဂုဏ်ထူးဆောင်တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့" အထိမ်းအမှတ် အခမ်းအနား တက်ရောက်ကြသည်။

ဦးစွာ ဘိုးဘွားများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများက "သက်ကြီးပုဂ္ဂိုလ် ဂုဏ်ပြုတေး" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုခံ ဘိုးဘွားများနှင့် ဖျော်ဖြေရေး အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# စစ်တွေမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးကျရောက်သည့် အရေးပေါ်အချိန်တွင်လည်း ရဲတပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများအပြင် လုံခြုံရေးနှင့် သဘာဝဘေး ကျရောက်ချိန်တွင် ဖြစ်တတ်သည့် မှုခင်းများ မဖြစ်ပွားစေရေး မှုခင်းကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ရကြောင်း၊ ရဲတပ်ဖွဲ့က ဆောင်ရွက်ရမည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာဖြစ်စဉ်များနှင့် အခြေအနေများကို မျက်ခြည်မပြတ်စေရန်နှင့် ရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဆိုသည့် မူဝါဒများနှင့်အညီ လိုက်နာ ကျင့်ကြံနေထိုင်ပြီး ရဲတပ်ဖွဲ့အတွက် ရလဒ်ကောင်းများ ရရှိအောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပုံရိပ်ကောင်းများ ဖြစ်လာအောင် အလေးထားဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က ပေးပို့သည့် သဝဏ်လွှာကို ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်လွင်က ဖတ်ကြားပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၂၉ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ပြည်တွင်းဆီစက်များ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကကြီးမှူး၍ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ယနေ့မှ အောက်တိုဘာ ၃ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်နှင့် ရန်ကင်းမြို့နယ်တို့၌ ရောင်းချပေးလျက်ရှိသည်။

မြေပဲဆီ၊ နှမ်းဆီတို့ကို ၅၀ ကျပ်သားဘူးမှ ၅ ပိဿာဘူးများအထိ စိတ်ကြိုက်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြေပဲဆီ ၁ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ကျပ်နှုန်းဖြင့် လွတ်လပ်စွာ အကန့်အသတ်မရှိ ရောင်းချပေးပြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှု အသင်းချုပ်ရုံးရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရန်ကင်းဈေးမှတ်တိုင်အနီး ( SKY SUITES) ကွန်ဒိုရှေ့အနီးတို့တွင် နေ့စဉ် နံနက် ၉နာရီမှ ညနေ၅နာရီအထိရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များ အသင်း၏ (၅) ကြိမ်မြောက် ဈေးရောင်းပွဲတွင်မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်မြို့တို့ရှိအသင်းဝင် ဆီစက်ပိုင်ရှင် ၁၅ဦးတို့က စုပေါင်း၍ ဆီပိဿာချိန် ၆၀၀၀၀ ခန့်အထိ ရောင်းချပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ပြီး မြေပဲထွက်ရှိမှုများပြားအောင်မြင်သဖြင့် ဆီစက်ပိုင်ရှင်များ စုပေါင်း၍ လာရောက်ရောင်းချခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မျိုးဆက်သစ်များ စွမ်းပကားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတည်ဆောက်အုံ

ကိုရင်မောင်

*** အသိဉာဏ်ပညာနှင့် ပြည့်စုံသည့် လူငယ်ပညာရှင်များပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာစွမ်းရည်များနှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ်သတ်မှတ်ကာ နိုင်ငံသားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီး လုပ်ဆောင်ရမည်**

*** ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့် ပညာရပ်ဖြင့် နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကာ သင်ကြားပေးလိုက်သည့် ခေတ်မီနည်းပညာများကိုလည်း နိုင်ငံအတွင်း၌ ထိရောက်စွာအသုံးချနိုင်ရေး၊ နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်**

သင်္ချာဘာသာညံ့ခဲ့သော ကျွန်တော့်အား သင်္ချာဆရာမကြီး၏ သင်ကြားပြသပေးမှု အထူးကောင်းမွန်သောကြောင့် ၁၉၇၄ ခုနှစ် အစိုးရစစ်အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) ကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။ အခြေခံပညာအထက်တန်းကို သိပ္ပံဘာသာတွဲဖြင့် သင်ကြားခဲ့ရာ၌ ကျွန်တော်အကြိုက်ဆုံးဘာသာရပ်မှာ ရူပဗေဒ ဖြစ်ပြီး ဒုတိယမှာ ဓာတုဗေဒဖြစ်ကာ တတိယက သမိုင်းဘာသာဖြစ်သည်။ သင်ကြားခွင့်ရသည်မှာ သိပ္ပံဘာသာတွဲဖြစ်၍ သမိုင်းမသင်ရတော့ဘဲ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝဖြင့် ပျော်ပိုက်ခဲ့ပါသည်။

ကျွန်တော်၏ ညံ့ဖျင်းသောဝါသနာအကျင့်စရိုက်အတိုင်း စိတ်ဝင်စားသည့် ရူပဗေဒဘာသာကိုသာ တစိုက်မတ်မတ်လေ့လာပြီး ကျန်ဘာသာရပ်များကို ပေါ့ပေါ့တန်တန် သဘောထားခဲ့သဖြင့် ၁၉၇၇ ခုနှစ်၌ အခြေခံပညာအထက်တန်း (ဒသမတန်း) ဖြေဆိုသည့်အခါ ဂုဏ်ထူးတစ်ဘာသာဖြင့်သာ အောင်မြင်ခဲ့သည်။ ရူပဗေဒဘာသာရပ်တွင် ဂုဏ်ထူးအမှတ်ရသော်လည်း သင်္ချာတွင် အောင်မှတ် ၄၀ ကျော်နှင့် ကျန်ဘာသာရပ်များတွင် အမှတ် ၅၀ ဝန်းကျင်ရပြီး စုစုပေါင်းအမှတ် ၃၀၀ ကျော်သာရသဖြင့် ကျွန်တော့်ရည်မှန်းချက်နှင့် ဝေးခဲ့ရသည်။ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးသည့်အခါ စိတ်ကူးယဉ်ခဲ့သော ရူပဗေဒပညာရှင်၊ ဓာတုဗေဒပညာရှင်ဖြစ်ရေး အိပ်မက်များမှာ ပျောက်ကွယ်သွားပြီး ဝိဇ္ဇာတွဲဖြင့်သာ ကျရာဘဝ၌ ကြိုးစားအားထုတ်ခဲ့ရသည်။

ကျွန်တော်၏ ကျောင်းနေဖက်အတန်းဖော်သူငယ်ချင်းဖြစ်သူကလည်း ကျွန်တော့်လိုပင် ရူပဗေဒဘာသာရပ်ကို စိတ်ဝင်စားသူဖြစ်ပြီး ဒသမတန်း သိပ္ပံဘာသာတွဲ၌ ဘာသာစုံအမှတ်ကောင်းသဖြင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ ဝင်ခွင့်ရသော်လည်း ၎င်းစိတ်ဝင်စားသည့် ရူပဗေဒအထူးပြုဘာသာရပ်ကို ရွေးချယ်ပြီး မဟာသိပ္ပံ (ဂုဏ်ထူးတန်း) အထိ သင်ကြားတတ်မြောက်ခဲ့သည်။ သူက ရူပဗေဒပညာရှင်တစ်ယောက်ဖြစ်လိုခဲ့၏။ ပညာကို အပတ်တကုတ်ဆည်းပူးပြီး ရူပဗေဒပညာနှင့် ပျော်မွေ့နေလိုသူဖြစ်၏။ အစိုးရဝန်ထမ်းလည်း မလုပ်လိုသဖြင့် ရူပဗေဒဘာသာ ကျူရှင်ဆရာဖြစ်ခဲ့၏။ နောင်အသက်အရွယ်ရလာပြီး သူငယ်ချင်းဖြစ်သူအကြောင်း စုံစမ်းကြည့်သောအခါ ဝမ်းရေးအတွက် တက္ကစီမောင်းနေသည်ဟုသာ သိလိုက်ရ၏။

**လမ်းဖွင့်ပေးထား**

ယနေ့ခေတ် လူငယ်မောင်မယ်များမှာ ကံကောင်းလေစွ။ နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးမြှင့်တင်ပေးနေသလို ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များမှာ ကြိုးစားလျှင် ကြိုးစားသလောက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနေ၏။ အခွင့်အရေးများလည်း ရရှိနေသည်ကို တွေ့ရ၏။ နိုင်ငံတော်အကြီးအကဲက နိုင်ငံတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ပညာရေးကို မဖြစ်မနေအားပေး၏။ မသင်မနေရ ပညာရေး၊ အခမဲ့ပညာရေး၊ စဉ်ဆက်မပြတ် ပညာရေးကို မြှင့်တင်ပေး၏။ ပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်သော လူငယ်လူရွယ်များအတွက် အနိမ့်ဆုံး KG+9 ပြီးဆုံးလျှင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသက်မွေးဝမ်းကျောင်းပညာများကို နိုင်ငံတစ်ဝန်းတွင် သင်ယူခွင့်ပေး၏။ ဆက်လက်ကြိုးစားနိုင်လျှင် ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ဘွဲ့၊ ဒီဂရီယူနိုင်၏။ အဆင့်မြင့်နည်းပညာများကိုသင်ယူနိုင်သော ပိုလီတက္ကနစ် တက္ကသိုလ်ကိုလည်း ဖွင့်လှစ်ပေးထားပြီဖြစ်သည်။

တစ်ချိန်သော ကျွန်တော်တို့ ခေတ်ကာလက ပညာရေးမူဝါဒနှင့် နိုင်ငံရေးအခြေအနေတို့အရ ပညာရေးတွင် အချိုးအကွေ့များစွာကြုံရသည်။ အစမ်းသပ်ခံပညာရေးစနစ်ဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် အပြောင်းအလဲများစွာ ဖြတ်သန်းခဲ့ရသည်။ ပညာတစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်ရသူများလည်းရှိသည်။ ရေလိုက်လွဲသူများလည်းရှိသည်။ ဝါသနာပါရာကို သင်ကြားခွင့်မရတော့ဘဲ ကြုံသလိုဖြတ်သန်းကြရသူများလည်း ရှိသည်။ ပညာတတ်လူငယ်များအနေဖြင့် မိမိတို့ဖြစ်လိုသည့် စိတ်ကူးယဉ်အိပ်မက်များကို အပြည့်အဝ ဖော်ဆောင်နိုင်ခွင့်မရခဲ့။ မိမိတို့ စိတ်ဝင်စားသည့်၊ တတ်မြောက်ကျွမ်းကျင်သည့် အသိပညာ၊ အတတ်ပညာဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုး ဖော်ဆောင်ခွင့်ရနိုင်ရန် အခွင့်အလမ်းအလွန်နည်းပါးလှ၏။ ထို့ကြောင့် သင်ကြားခဲ့သည့်ပညာများ အဟောသိကံဖြစ်ရ၏။ သူတစ်ပါးနိုင်ငံကို အကျိုးပြုသူများအဖြစ် ဦးနှောက်ယိုစီးမှုများဖြစ်ခဲ့၏။

**ရောင်နီသန်းလာပြီ**

မြန်မာနိုင်ငံသည် သယံဇာတများပေါများကြွယ်ဝပြီး လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များလည်းရှိသည်။ သို့သော် အားပေးကူညီပံ့ပိုးပေးမှု၊ လုပ်နိုင်ကိုင်နိုင်သည့် အခွင့်အလမ်းများ အားနည်းမှုနှင့် တည်ငြိမ်သော နိုင်ငံရေးစနစ် မတည်ဆောက်နိုင်မှုကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်ကို တွေ့ရ၏။ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ခေတ်နောက်များစွာကျန်ခဲ့၏။ နိုင်ငံတကာနှင့် တန်းတူလိုက်နိုင်သော တီထွင်ဖန်တီးမှုများမရှိခဲ့။ စက်မှုနှင့် သိပ္ပံနည်းပညာများ တီထွင်ဖန်တီးနိုင်သူ ရှားပါးသွားပြီး အစိုးရကလည်း အားပေးမြှင့်တင်ဆောင်ရွက်ခြင်းမရှိခဲ့သဖြင့် နိုင်ငံတကာတန်းဝင်သည့် Make in Myanmar ထုတ်ကုန်မရှိသလောက်ပင်ဖြစ်၏။ အပ်တိုတစ်ချောင်းသာမက ဝါးတူကိုပင် ပြည်ပမှ တင်သွင်းနေရ၏။ မျက်မှောက်ကာလတွင် ထိုအခြေအနေကို ပြောင်းလဲနိုင်သည့် ရောင်နီများသန်းလာပြီဖြစ်သည်။

အသိပညာ၊ အတတ်ပညာ တိုးတက်ကြွယ်ဝမြင့်မားလာရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးကူညီ ပံ့ပိုးမြှင့်တင်ပေးမှုသည် မဖြစ်မနေလိုအပ်သည်။ အစိုးရက အားပေးကူညီဆောင်ရွက်ပေးခြင်းမရှိလျှင် အောင်မြင်စွာ အကောင်အထည်ပေါ်ရန် ခဲယဉ်းသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့် အချိန်ကာလအတွင်း အသိပညာ၊ အတတ်ပညာမြင့်မားရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး၊ လူငယ်နှင့် ပညာရေးကဏ္ဍမြင့်မားရေး၊ ကုန်ထုတ်စွမ်းအားအဆင့်မြှင့်တင်ရေး စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်။ ဘက်စုံကဏ္ဍစုံ၌ ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များအနေဖြင့် ပြည်တွင်း ပြည်ပတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြသည်။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသည်။ စွန့်ဦးတီထွင် လူငယ်မောင်မယ်များကိုလည်း ပြည်တွင်း ပြည်ပ၌ ပါဝင်နိုင်ရန် လမ်းဖွင့်ပေးထားသည်။

**ခေါင်းလောင်းထိုးသံ**

သာဓကအားဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာလ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ ကျင်းပခဲ့သည့် ကမ္ဘာ့စက်ရုပ်အိုလံပစ် (WRO) အာရှပစိဖိတ်နိုင်ငံများ ချန်ပီယံရှစ်ပြိုင်ပွဲတွင် AI နည်းပညာကိုအသုံးပြု၍ လျှင်ဒဏ်သင့်နေရာများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အထောက်အကူပြုမည့် စက်ရုပ်ကားကို အကောင်းဆုံးတီထွင်ဖန်တီးနိုင်သည့် မြန်မာနိုင်ငံမှ We are Genius Myanmar အဖွဲ့က ချန်ပီယံ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါအဖွဲ့မှ ဆုရရှိသည့် မြန်မာကျောင်းသားလူငယ်လေးသုံးဦးမှာ အသက် ၁၁ နှစ်၊ ၁၂ နှစ်အရွယ်မျှသာရှိပြီး ပြိုင်ပွဲအတွက် ပရိုဂရမ်ရေးဆွဲခြင်း၊ စက်ရုပ်တည်ဆောက်ခြင်းတို့ကို တစ်နှစ်ခန့်ကြိုတင်ပြင်ဆင်ခဲ့ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ရာ ပြိုင်ဘက်နာမည်ကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ဂျာမနီ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့ကို ဖြတ်ကျော်ပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့သဖြင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

ယခု ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" မှ ဖိတ်ခေါ်သည့် ပရောဂျက်ပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်းမှ အသက် ၁၄ နှစ်မှ အသက် ၁၆ နှစ်ရှိ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြရာ မြန်မာကျောင်းသူတစ်ဦးဖြစ်သည့် မအိမ့်သူသူခင်က တစ်ဦးတည်းသော Winner အဖြစ် အောင်မြင်မှုရရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးပေါ်၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူများနှင့်အတူ သွားရောက်လေ့လာခွင့်ရခဲ့သည်။ မြန်မာလူငယ်မောင်မယ်များ လုပ်နိုင်သည်ဆိုသည့် သက်သေသာဓကအချို့သာဖြစ်သည်။ အခွင့်အလမ်းနည်းပါးသော်လည်း အိပ်မက်ကြီးကြီး မက်ရဲလျှင်၊ ကြိုးစားအားထုတ်မှုရှိလျှင် ကမ္ဘာ့အဆင့်ကိုပင် ရောက်နိုင်သည်ဆိုသည့် နမူနာများပင်ဖြစ်သည်။ မြန်မာနိုင်ငံ အနာဂတ်အတွက် မိုးသောက်ရောင်ခြည် ခေါင်းလောင်းထိုးသံဖြစ်၏။

ဤသို့သော ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ မြန်မာနိုင်ငံတွင် များစွာရှိ၏။ ကျောင်းသားအရွယ် မြန်မာလူငယ်လူရွယ်လေးများမှာ ဉာဏ်ရည်ထက်မြက်ကြ၏။ မိဘအုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်က တည့်မတ်ပေးပြီး နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ပေးလျှင် နိုင်ငံအနာဂတ်အတွက် အားထားရမည့်အရင်းအမြစ်ကောင်းများ ရရှိမည်ဖြစ်သည်။ **"ယနေ့လက်ရှိ နိုင်ငံတော်အကြီးအကဲက ပညာရေးကို အားပေးတယ်။ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူတွေကို တန်ဖိုးထားတယ်။ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုတယ်။ လူငယ်တွေကို လမ်းဖွင့်ပေးတယ်။ သူကိုယ်တိုင်လည်း နိုင်ငံအနာဂတ်အတွက်၊ အနာဂတ်လူငယ်တွေအတွက် နိုင်ငံတကာကအကူအညီတွေ ရှာဖွေပေးတယ်။ လိုအပ်တာကတော့ဗျာ အားလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲလုပ်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ထိပ်တန်းနိုင်ငံဖြစ်လာမှာ သေချာပါတယ်ဗျာ"**ဟု ကျွန်တော်၏မိတ်ဆွေပြောစကားကို သတိရမိသည်။

**ပညာရှင်များလိုအပ်**

လက်တွေ့တွင်လည်း နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြည်ထောင်စုကြီးအကျိုးအတွက်၊ မျိုးဆက်သစ်များ၏ အနာဂတ်အတွက် နေ့မအားညမနား အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်နေသည့် စေတနာကို တွေ့မြင်ရသည်။ ယခု စက်တင်ဘာလ ၂၅ ရက်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့သို့ အလုပ်သဘောခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲအနေဖြင့် အလုပ်သဘောခရီးစဉ်အတွင်း ဆွေးနွေးပွဲများနှင့် နိုင်ငံ့ခေါင်းဆောင်များအား တွေ့ဆုံစဉ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာတတ်လူငယ်လူရွယ်များ အခန်းကဏ္ဍကို အလေးထားပြောကြားခဲ့၏။ ပြောကြားခဲ့သည်များအနက် အချို့ကို အနှစ်ချုပ်ကောက်နုတ်ဖော်ပြလိုသည်။

စက်တင်ဘာလ ၂၅ ရက်နေ့က မော်စကိုမြို့၌ကျင်းပသည့် **"လူငယ်နှင့်အနာဂတ် မြန်မာ-သိပ္ပံနှင့် နည်းပညာ"** ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ယာယီသမ္မတက **"မြန်မာနိုင်ငံ၌ နယ်ပယ်အလိုက် ပညာရှင်များစွာ လိုအပ်နေကြောင်း၊ လူငယ်များကို အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ် သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံ၌ နယ်ပယ်အလိုက် ပညာရှင်များစွာ လိုအပ်လျက်ရှိကြောင်း"** ပြောကြားခဲ့သည်။ *စာမျက်နှာ ၉ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၈၇ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊

❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

*စာမျက်နှာ ၈ မှ*

**ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ မြန်မာနိုင်ငံတွင် များစွာရှိ၏။ ကျောင်းသားအရွယ် မြန်မာလူငယ်လူရွယ်လေးများမှာ ဉာဏ်ရည်ထက်မြက်ကြ၏။ မိဘအုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်ကတည့်မတ်ပေးပြီး နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ပေးလျှင် နိုင်ငံအနာဂတ်အတွက် အားထားရမည့်အရင်းအမြစ်ကောင်းများ ရရှိမည်**

ဆက်လက်၍ “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ နယ်ပယ်တွေမှာ ပညာရှင်တွေများစွာ လိုအပ်နေပါတယ်။ အဲဒီလိုပဲ ပြည်တွင်းမှာ အလုပ်လုပ်နိုင်တဲ့ အရွယ် လူဦးရေအချိုးအစား များပြားပေမယ့် စက်မှု၊ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်ချက်ရှိနေဆဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

### ဖိဖိစီးစီးလုပ်ဆောင်

ထို့ကြောင့် လူငယ်များအား ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်မှု၊ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်များအပြင် စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ ဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဟုလည်း ပြောကြားခဲ့သည်။ အသိဉာဏ်ပညာနှင့်ပြည့်စုံသည့် လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာစွမ်းရည်များနှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ်သတ်မှတ်ကာ နိုင်ငံသားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးလုပ်ဆောင်ရမည်ဟု နိုင်ငံတော်ယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။

ထို့အတူ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့် ပညာရပ်ဖြင့် နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကာ သင်ကြားပေးလိုက်သည့် ခေတ်မီနည်းပညာများကိုလည်း နိုင်ငံအတွင်း၌ ထိရောက်စွာ အသုံးချနိုင်ရေး၊ နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဟု နိုင်ငံတော်ယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံတော်ယာယီသမ္မတက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်တွန်းပြောကြားပြီးနောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာလ ၂၅ ရက်နေ့က ကျင်းပသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်၏ **“နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာသစ်အမြင်ဆီသို့”** ခေါင်းစဉ်ဖြင့် ပြုလုပ်သော မျက်နှာစုံညီထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်ကိစ္စကို ဆွေးနွေးခဲ့သည်။

### စေတနာနှင့်အားထုတ်မှု

**“မြန်မာနိုင်ငံမှာ အငယ်စားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ဖို့အတွက် လိုအပ်တဲ့ နျူကလီးယားအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားအရင်းအမြစ်များနဲ့ အခြားလိုအပ်သည့်လုပ်ငန်းတွေကို ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ROSATOM တို့က တတ်နိုင်သမျှ ဆက်လက်ကူညီပေးဖို့ မေတ္တာရပ်ခံလိုပါတယ်”** ဟု နိုင်ငံတော်ယာယီသမ္မတက ပြောကြားခဲ့သည်။ ထို့အပြင် **“အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း မြန်မာနိုင်ငံရဲ့ နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရာမှာ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကူအညီပေးဖို့ မေတ္တာရပ်ခံလိုပြီး ဖိုရမ်သို့ တက်ရောက်လာတဲ့ နိုင်ငံများနဲ့လည်း နျူကလီးယားနည်းပညာကဏ္ဍနဲ့ပတ်သက်လို့ သင့်လျော်ရာ Sector တွေမှာ ပူးပေါင်းဆောင်ရွက်လိုပါတယ်”**ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။

စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်ယာယီသမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ နိုင်ငံအကျိုးပြုရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ရန် ထားရှိသောစေတနာနှင့် ကြိုးပမ်းအားထုတ်မှုများကို ကျွန်တော်တို့အားလုံး မျက်ဝါး ထင်ထင်မြင်တွေ့ကြရပြီဖြစ်သည်။

### လူငယ်စွမ်းပကား

မျိုးဆက်သစ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဂုဏ်မြင့်မားတိုးတက်ရေးအတွက် အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍မရပေ။ နိုင်ငံသူ နိုင်ငံသားများကလည်း တက်ညီလက်ညီ ကျရာကဏ္ဍမှ ကြိုးပမ်းထမ်းဆောင်ကြရမည်။ ၈၈ မတိုင်မီ ကျွန်တော်တို့လက်ထက် အစိုးရကသူ့အလုပ်သူလုပ်၊ ပြည်သူများကလည်း သင့်သလိုနေထိုင်ခဲ့ကြ၍ အစိုးရနှင့်ပြည်သူ တစ်သားတည်းမရှိ။ နိုင်ငံတိုးတက်ရေးနှင့် အလှမ်းဝေးခဲ့သည်။ ပြည်တွင်း ပြည်ပ ပယောဂအမျိုးမျိုးတို့ ပူးကပ်လာသည့်အခါ တိုင်းပြည်ပင် ပြိုလဲလုမတတ်ဖြစ်ခဲ့ရသည်။

**ကျွန်တော်တို့လူငယ်ဘဝက စိတ်ကူးအိပ်မက်များကို လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း ယနေ့ခေတ်လူငယ်များဘဝတွင် မျှော်လင့်ချက်များ၊ အခွင့်အလမ်းများ များစွာရှိနေပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြသောဆန္ဒ၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများကြောင့် အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြမည်ဟု ယုံကြည်မိပါသတည်း။** ။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့အဝင်ဂိတ်နေရာအား သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးအား သိမ်းပိုက်ရရှိမှု။

◆ *ကျော့ဖုံးမှ*

လိုအပ်သည့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းကြောင်းတွင် စစ်ဗျူဟာအရ အဓိကအရေးပါသည့် ဂုတ်တွင်းတံတား၊ နောင်ပစ်ကျေးရွာ၊ ကညင်ကုန်းကျေးရွာ၊ ဇီးပင်ကြီးကျေးရွာနှင့် နောင်ပိန်ကျေးရွာတို့အား ပထမအဆင့် ထိန်းချုပ်နိုင်ရေး မြေပြင်အနေအထားအရ အခက်အခဲ အတားအဆီးများစွာရှိသည့် ဂုတ်တွင်းတံတား၊ ဂုတ်ထိပ်မီးရထားလမ်းတံတားနှင့် ရှုခင်းသာအပါအဝင် ပထမအဆင့် ထိန်းချုပ်ရမည့် အရေးကြီးနေရာများအား TNLA နှင့် မဟာမိတ်များ မမျှော်လင့်သောလမ်းကြောင်းမှ ချဉ်းကပ်ထိုးဖောက်လျက် ဩဂုတ် ၂၉ ရက်တွင် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား အမြန်ဆုံးသိမ်းပိုက်နိုင်ရေးနှင့် နောင်ချို-ကျောက်မဲ လမ်းပိုင်းအမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ TNLA နှင့် DPLA၊ PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၉ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဖြင့် မြေပြင်/ဝေဟင် ပေါင်းစပ်ညှိနှိုင်းကာ စစ်ကြောင်းများခွဲ၍ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့်ထိုးဖောက်တိုက်ခိုက် ချေမှုန်းမှုဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန်ကွတ်ကျေးရွာ၊ စက်တင်ဘာ ၁၂ ရက်တွင် ပပုတ်ကျေးရွာ၊ စက်တင်ဘာ ၁၃ ရက်တွင် ခေးလောင်းကျေးရွာ၊စက်တင်ဘာ ၁၅ ရက်တွင် ပန်းမလွတ်ကျေးရွာ၊ စက်တင်ဘာ ၁၇ ရက်တွင် ပိတက်ကျေးရွာနှင့် ပံတီးကျေးရွာ၊ စက်တင်ဘာ ၁၈ ရက်တွင် ကောင်းမှုလိန်ကျေးရွာ၊ စက်တင်ဘာ ၁၉ ရက်တွင် မန်ပန်ကျေးရွာ၊ စက်တင်ဘာ ၂၀ ရက်တွင် ပို့င့်-၁၂၁၂ တောင်ကုန်း၊ ခိုက်တုန်ဟုန်းကျေးရွာနှင့် ကုန်းကော်ကျေးရွာ၊ စက်တင်ဘာ ၂၁ ရက်တွင် တောင်ဆေးလိပ်ကျေးရွာ(တောင်ပိုင်း)၊ တောင်ဆေးလိပ်ကျေးရွာ (မြောက်ပိုင်း)၊ စက်တင်ဘာ ၂၂ ရက်တွင် နားအိုက်ခမ်းကျေးရွာ၊ စက်တင်ဘာ ၂၅ ရက်တွင် မြင်းကွင်းကျေးရွာနှင့် နားချောင်းကျေးရွာ၊ စက်တင်ဘာ ၂၇ ရက်တွင် ခမ်းဆာကျေးရွာနှင့် မန်လွယ်ကျေးရွာ၊ စက်တင်ဘာ ၂၉ ရက်တွင် ပင်တီးကျေးရွာ၊ စခန်းသာကျေးရွာ၊ လုံဝယ်ကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ ပေါက်အံလေးကျေးရွာနှင့် ပေါက်အံကြီးကျေးရွာ၊ စက်တင်ဘာ ၃၀ ရက်တွင် နမ့်ဆောကျေးရွာ၊ ခိုမောင်းကျေးရွာနှင့် ကောင်းအိုက်ကျေးရွာတို့နှင့် ၎င်းကျေးရွာများ အနီးတစ်ဝိုက်ရှိ ရန်သူ့စခန်းကုန်းများကို အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်၍ နယ်မြေခံတိုင်းရင်းသားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်ထားသည့် ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ၎င်းတို့၏ ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်များတွင်ပါဝင်သည့် မြို့/ရွာများအား တပ်မတော်စစ်ကြောင်းများက တစ်မြို့ပြီးတစ်မြို့ ပြန်လည်ထိန်းချုပ်ပြီး ၎င်းတို့၏စိတ်ကူးယဉ် အိပ်မက်များကို တစ်ခုပြီးတစ်ခု ရိုက်ချိုးနိုင်ခဲ့ကာ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းအား ပြန်လည်စိုးမိုး ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ထိုသို့ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၂၁ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၃၆ ကြိမ်၊ ထိတွေ့မှုပေါင်း ၇၆ ကြိမ်၊ စုစုပေါင်း ၁၁၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၆၁ လောင်း၊ လက်နက် ၄၁ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၁ သို့*



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့နယ် ရဲစခန်းအား သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။





ရန်သူ့ထံမှ လက်နက်/ခဲယမ်းများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





ရန်သူ့အလောင်း/လက်နက်များအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့မ ရဲစခန်းအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့နယ် မီးသတ်ရုံးအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားအား တပ်မတော်က ပြန်လည်ပြုပြင်တည်ဆောက်ခဲ့မှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

TNLA ၊ DPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ အနေဖြင့် ကျောက်မဲမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် ကျောက်မဲမြို့မရဲစခန်း၊ EPC Station၊ ခရိုင်သစ်တောရုံး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မီးသတ်ဦးစီးဌာနအဆောက်အအုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများအား ယုတ်မာရိုင်းစိုင်းစွာဖြင့် အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့/ရွာများအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ဒေသခံ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ကလည်း အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများအပေါ် လွန်စွာစက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့/ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီနေရပ်စွန့်ခွာ စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

**မိုင်းထောင်ဖောက်ခွဲ**

အလားတူ အကြမ်းဖက်သောင်းကျန်း သူများသည် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၇၈/၂-၇၈/၃) အတွင်း တည်ရှိသည့် တံတားအမှတ် (၉/၈၄)၊ သံကူကွန်ကရစ်တံတားအားလည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား (အသစ်) နှင့် (အဟောင်း)နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက် အဖြစ်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏ အထင်ကရ အမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်း တံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား (ကျောက်မဲမြို့ဘက်အခြမ်း)အားလည်းကောင်း ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို - ကျောက်မဲ လမ်းကြောင်းတစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်ထိပ်မီးရထားသံလမ်းတံတားအား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို တွေ့ရစဉ်။

ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများနှင့် ဂုတ်တွင်းတံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ယာယီ သံပေါင်ဘေလီ တံတားထိုးခြင်း လုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်မှစ၍ နေ့/ညမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားနေရာ၌ ယခုအခါ အလျားပေ ၁၅၀၊ တံတားအကျယ် ၁၈ ပေရှိ သံပေါင်ဘေလီ အမျိုးအစားတံတားသစ်ကြီးကို စက်တင်ဘာ ၁၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် တပ်မတော်စစ်ကြောင်းများက အဆိုပါ ကျောက်မဲ - နောင်ချို - ပြင်ဦးလွင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဒေသခံခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကမ္ဘာ့သမိုင်းဝင် ဂုတ်ထိပ်မီးရထားလမ်းတံတား ပျက်စီးမှုအပိုင်းကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အကူအညီဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများကလည်း နေ့မအား၊ ညမနား ပြုပြင်လျက်ရှိရာ ယခုအခါ ၅၉ ဒသမ ၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ နောင်ချိုမြို့မှ ၃၃ ကီလိုမီတာအကွာရှိ ကျောက်မဲမြို့အား ၂၁ ရက်တာကာလအတွင်း တပ်မတော် စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်နိုင်ခြင်းမှာ အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များ၊ အဓမ္မနိုင်ထက်စီးနင်း ပြုမူမှုများနှင့် လူမျိုးရေးခွဲခြားမှုပုံစံများအပေါ် ရွံရှာအော့နှလုံးနာနေကြသည့် ဒေသခံလူငယ်၊ လူလတ်နှင့် လူကြီးပိုင်းအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အကြမ်းဖက်သောင်းကျန်းသူများ၏ လှုပ်ရှားမှုနှင့် တည်နေရာများအား နောင်ချိုမြို့ သိမ်းပိုက်ပြီးနောက်ပိုင်းမှစ၍ တပ်မတော်စစ်ကြောင်းများအပေါ် အားကိုးကြီးစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့မှုအပေါ် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူသာအမိ၊ ပြည်သူသာအဖ ခံယူချက်အတိုင်း ဒေသခံပြည်သူများအပေါ် မိမိတို့၏ အမိအဖ၊ ဆွေမျိုးများကဲ့သို့ တစ်သားတည်း ထင်ဟပ်လျက် အကြမ်းဖက် သောင်းကျန်းသူများ၏ ဒုက္ခဘေးအန္တရာယ်မှ အမြန်ဆုံး လွတ်မြောက်စေရေး ရဲ ၃ ရဲ၊ မြဲ ၃ မြဲဖြင့် ရင်ကိုမြေကတုတ်လုပ်၍တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်နှင့် လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်လိုခိုက်လိုစိတ် ပြင်းပြစွာ တိုက်ပွဲဝင်ခဲ့၍လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

**သောင်းသောင်းဖြဖြကြိုဆို**

ယခုကဲ့သို့ ကျောက်မဲမြို့အား ယနေ့တွင် တပ်မတော်က ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများနှင့် ဆွေမျိုးများ ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာလုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး၊ အဆိုပါဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်သွားမည်ဟု သိရှိရသည့်အပြင် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့်ရင်သွေးငယ် သား/သမီးများကလည်း ပညာရည်နို့ သောက်ယူနိုင်မည့် အခွင့်အရေးများ ရရှိလာတော့မည်ဖြစ်သလို ဒေသခံပြည်သူများအနက် အသက် ၁၈ နှစ် ပြည့်ပြီးသူများသည်လည်း မကြာမီကျင်းပပြုလုပ်တော့မည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အချိန်မီမဲပေးနိုင်တော့မည့် နိုင်ငံသားအခွင့်အရေးများကိုလည်း အပြည့်အဝ ခံစားကြရတော့မည်ဖြစ်၍ အထူးပင် ဝမ်းမြောက်ဂုဏ်ယူနေကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

လီဗာပူးအသင်းသည် အားထားရသည့် အဓိကတိုက်စစ်ကစားသမားဆာလာနှင့် ဖြိုတိန်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသော အဲလက်ဇန္ဒြား အီဆတ်တို့ကို ပွဲထွက်ကစားသမားအဖြစ်မှ ချန်လှပ်ခဲ့ပြီး ဖရင်ပေါင်၊ ဝစ်ဇ်၊ ဂက်ပို၊ အီကီတီကဲတို့ ဦးဆောင်ကာ ဂါလာတာစရေးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဂါလာတာစရေးအသင်းကလည်း ဂန်ဒိုဂန်၊ ယဲလ်မက်ဇ်၊ အိုစင်မန်တို့ ဦးဆောင်ကာ လီဗာပူးအသင်းကို ရင်ဆိုင်လာခဲ့သည်။

လီဗာပူးအသင်းက ပွဲချိန်တစ်လျှောက် ဂိုးပေါက်ခြိမ်းခြောက်မှု အသာနှင့်အတူ ဂါလာတာစရေးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ဂါလာတာစရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အသင်းအဓိက တိုက်စစ်ကစားသမား အိုစင်မန်က ပွဲကစားချိန် ၁၆ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် အတ္တလန္တာက ကလပ်ဘရုဂေးကို နှစ်ဂိုး-တစ်ဂိုး၊ ရီးရဲမက်ဒရစ်က ကိုင်ရတ်အယ်မာတီကို ငါးဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က ဖရန့်ဖတ်ကို ငါးဂိုး-တစ်ဂိုး၊ ချယ်ဆီးကဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိ၊ အင်တာမီလန်က စလာဗီယာပရာ့ဂ်ကို သုံးဂိုး-ဂိုးမရှိ၊ မာဆေးလ်က အိုင်းယက်စ်ကို လေးဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ပါဖို့စ်အက်ဖ်စီကို ငါးဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ပြီး ဘိုဒိုဂလင့်နှင့် စပါးအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

တက္ကသိုလ်မောင်ရှုပ

**အယ်လ်ဒီပီပါတီဥက္ကဋ္ဌအဖြစ် ဘယ်သူပဲ တက်လာသည်ဖြစ်စေ ပါတီဥက္ကဋ္ဌဟာ တစ်ချိန်က ဂျပန်နိုင်ငံရေးမှာ ဩဇာအာဏာလွှမ်းမိုးခဲ့ပေမယ့် အခုအခါ အကျဘက်ကို ဦးတည်လာနေတဲ့ပါတီကို ပြန်လည်တည့်မတ်ပေးရမယ့်တာဝန် ရှိလာနေပါတယ်။ အယ်လ်ဒီပီပါတီရဲ့ မဟာမိတ်ဖြစ်တဲ့ ကိုမေးတိုးပါတီဟာဆိုရင်လည်း ပါတီကို တည်ထောင်ခဲ့တဲ့ Soka Gakkai ဘာသာရေးအဖွဲ့အစည်းကို တည်ထောင်သူ Daisaku Ikeda ၂၀၂၃ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပြီးနောက် အဖွဲ့ဝင်ဦးရေ လျော့နည်းလာနေသလို လူထုထောက်ခံမှုလည်း ကျဆင်းလာနေပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဟာ အတိုက်အခံပါတီအချို့နဲ့ မဟာမိတ်ဖွဲ့စည်းနိုင်ဖို့ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်**

*(ယမန်နေ့မှ အဆက်)*

နောက်ပါတီငယ်တစ်ခုက Democratic Party for the People (DPFP) ပါတီ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ DPFP ပါတီဟာ အလယ်အလတ်သဘောထားရှိတဲ့ နိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး သူ့ရဲ့အဓိကမူဝါဒက အခြေခံလူတန်းစားတွေရဲ့ စီးပွားရေးဆိုင်ရာစိုးရိမ်ပူပန်မှုတွေကို ကိုင်တွယ်ဖြေရှင်းရေး ဖြစ်ပါတယ်။ အထူးသဖြင့် အလုပ်လုပ်ကိုင်နိုင်စွမ်း အရွယ်ရှိသူတွေရဲ့ လုပ်ခလစာကိစ္စ၊ လူနေမှုစရိတ်ကိစ္စတွေ ဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မူဝါဒထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဦးစားပေးတဲ့ နိုင်ငံရေးပါတီဖြစ်ပါတယ်။

အထူးသဖြင့် စားသုံးသူအခွန် လျှော့ချရေး၊ လောင်စာဆီသုံးစွဲမှုအပေါ် ကောက်ခံတဲ့အခွန်လျှော့ချရေးတွေအပါအဝင် အခွန်ဥပဒေပြုပြင်ပြောင်းလဲရေးကို အမြဲအဆိုပြုနေတဲ့ ပါတီဖြစ်ပါတယ်။ DPFP ပါတီရဲ့ မူဝါဒတွေဟာ ကုန်ဈေးနှုန်းတွေ တရိပ်ရိပ်တက်လာပြီး လုပ်ခလစာတိုးမြင့်လာခြင်းမရှိတဲ့ ဂျပန်နိုင်ငံမှာ အခြေခံလူတန်းစားတွေရဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ ထပ်တူကျနေပါတယ်။ ဒါကြောင့် DPFP ပါတီဟာ မူလက အောက်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ခုနစ်ဦးသာ ရှိနေရာကနေ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အောက်လွှတ်တော်ရွေးကောက်ပွဲမှာ လေးဆခန့်တက်ပြီး ၂၈ ဦးအထိ အနိုင်ရရှိခဲ့တဲ့အတွက် အောက်လွှတ်တော်အတွင်းမှာ စတုတ္ထအင်အားအကြီးဆုံး နိုင်ငံရေးပါတီတစ်ခု ဖြစ်လာခဲ့ပါတယ်။

အခုပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ အထက်လွှတ်တော်ရွေးကောက်ပွဲမှာ DPFP ပါတီဟာ အလုပ်သမားတွေရဲ့ အခွန်အခတွေ ဖြတ်တောက်ပြီး အသားတင်လစာတိုးမြှင့်ရရှိရေး ဆောင်ပုဒ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ကိုယ်စားလှယ် ၁၇ ဦး အနိုင်ရရှိပြီး အထက်လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦးအထိ ရှိလာခဲ့ပါတယ်။

နောက်ထပ် နိုင်ငံရေးပါတီငယ်တစ်ခုကတော့ Nippon Ishin no kai လို့ခေါ်တဲ့ Japan Innovation Party (JIP) ပါတီဖြစ်ပါတယ်။ JIP ပါတီကို ၂၀၁၅ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး အိုဆာကာမှာ အခြေစိုက်တဲ့ပါတီဖြစ်ပြီး စတင်တည်ထောင်သူက အိုဆာကာမြို့တော်ဝန် Toru Hashimoto ဖြစ်ပါတယ်။ လက်ရှိမှာတော့ Hirofumi Yoshimura က ပါတီခေါင်းဆောင်ဖြစ်ပါတယ်။ JIP ပါတီရဲ့ အဓိကမူဝါဒတွေက ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုတွေကို လျှော့ချပြီး ပြည်နယ်တွေကို ဘဏ္ဍာရေးအရင်းအမြစ်တွေ၊ လုပ်ပိုင်ခွင့်တွေ ပိုမိုပေးအပ်ဖို့နဲ့ ပြည်နယ်တွေရဲ့ လုပ်ပိုင်ခွင့်တွေ ပိုမိုရရှိလာစေဖို့ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်အတွင်း ကန်ဆိုင်းဒေသမှာ ကိုဗစ်-၁၉ ထိန်းချုပ်ကုသရေးနဲ့ ပတ်သက်ပြီး အိုဆာကာမြို့တော်ရဲ့ ဆောင်ရွက်ချက်တွေဟာ ဂျပန်နိုင်ငံမှာ စံနမူနာပြစရာအဖြစ် အောင်မြင်မှုရရှိခဲ့တာကြောင့် JIP ပါတီဟာ နာမည်ကောင်းရရှိခဲ့ပါတယ်။ မူလက ဒေသဆိုင်ရာ နိုင်ငံရေးပါတီတစ်ခု အနေအထားကနေ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်တွေမှာပါ အမတ်နေရာတွေ ပိုမိုရရှိလာခဲ့ပြီး ကန်ဆိုင်းပြည်နယ် ပြင်ပနယ်မြေတွေအထိပါ ကိုယ်စားလှယ်တွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

ကန်ဆိုင်းပြည်နယ်ထဲမှာရှိတဲ့ မဲဆန္ဒနယ်မြေအားလုံးနီးပါးမှာ JIP ပါတီက ထိန်းချုပ်ထားနိုင်ခဲ့ရာမှာ အယ်လ်ဒီပီပါတီကိုယ်စားလှယ်တွေတောင် နေရာမရရှိတဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါပေမယ့် ကန်ဆိုင်းပြည်နယ်ပြင်ပနေရာတွေကို တိုးချဲ့ရာမှာတော့ အောင်မြင်မှုမရရှိသေးဘူးလို့ ပြောနိုင်ပါတယ်။ ဒါကြောင့် ကန်ဆိုင်းပြည်နယ်ထဲမှာ အယ်လ်ဒီပီပါတီ အောင်မြင်မှုရရှိတယ်ဆိုတဲ့ ပုံရိပ်ကို ဖန်တီးနိုင်ဖို့နဲ့ ကန်ဆိုင်းပြည်နယ် ပြင်ပမှာ တိုးချဲ့ထိုးဖောက်နိုင်ဖို့ ကြိုးစားနေတဲ့ JIP ပါတီတို့အကြား မဟာမိတ်ဖွဲ့စည်းရေး အလားအလာဟာ များပြားတယ်လို့ ပြောနိုင်ပါတယ်။

### အယ်လ်ဒီပီပါတီ၏ အခြေအနေ

အယ်လ်ဒီပီပါတီဟာ ၁၉၅၅ ခုနှစ်ကတည်းက စတင်တည်ထောင်လာခဲ့တဲ့ ဝါရင့်၊ သမ္ဘာရင့် နိုင်ငံရေးပါတီကြီးဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့စဉ် ရည်ရွယ်ချက်မှာ ထိုအချိန်က ဩဇာလွှမ်းမိုးမှု ကြီးမားလာတဲ့ ဆိုရှယ်လစ်ပါတီကို ရင်ဆိုင်နိုင်ဖို့ ကွန်ဆာဗေးတစ်တွေအကြား ညီညွတ်မှုကို တည်ဆောက်သွားနိုင်ဖို့ ဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့တဲ့အချိန်ကစပြီး အယ်လ်ဒီပီပါတီဟာ အချိန်အပိုင်းအခြားအချို့ (ဥပမာ - ၁၉၉၃ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ်)ကလွဲရင် အာဏာရပါတီအဖြစ် တစ်ဆက်တစ်စပ်တည်း ရပ်တည်လာခဲ့တာဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီဟာ အတိုက်အခံပါတီတွေနဲ့ ယှဉ်ပြိုင်ရတာထက် ပါတီတွင်းမှာရှိတဲ့ အစုအဖွဲ့တွေအကြား ယှဉ်ပြိုင်မှုက ပိုမိုကြီးမားပါတယ်။ ခေါင်းဆောင်မှုနဲ့ မူဝါဒရေးရာတူညီမှုအလိုက် စုဖွဲ့ထားတဲ့ အစုအဖွဲ့တွေဟာ အယ်လ်ဒီပီပါတီကြီးရဲ့ ထီးရိပ်တစ်ခုတည်းအောက်မှာ ပါတီငယ်လေးတွေ အသွင်နဲ့ စုဖွဲ့ရပ်တည်နေကြတာဖြစ်ပါတယ်။

ဒါ့အပြင် အယ်လ်ဒီပီပါတီဟာ ပါတီတွင်းမှာ လက်ယာယိမ်းအစုအဖွဲ့၊ လက်ဝဲယိမ်းအစုအဖွဲ့၊ အလယ်အလတ်အစုအဖွဲ့ စတဲ့သဘောတရားရေးရာနဲ့ အယူအဆအမျိုးမျိုးရှိတဲ့ အစုအဖွဲ့တွေ ပါဝင်နေတဲ့ နိုင်ငံရေးပါတီလည်း ဖြစ်ပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီကို Big Tent Party လို့လည်း ခေါ်ဝေါ်သုံးစွဲကြပါတယ်။ ဒီအချက်ဟာ အယ်လ်ဒီပီပါတီကို အာဏာရပါတီအဖြစ် ရေရှည်အောင်မြင်မှုရရှိစေဖို့ အထောက်အကူပြုလျက်ရှိပါတယ်။ အခြေအနေတွေ၊ အချိန်အခါတွေ မည်သို့ပင်ပြောင်းလဲလာစေကာမူ အယ်လ်ဒီပီပါတီဟာ ပြုပြင်ပြောင်းလဲနိုင်စွမ်းလည်း ကြီးမားပါတယ်။ အယ်လ်ဒီပီပါတီအပေါ် ပိုမိုကျယ်ပြန့်တဲ့ ထောက်ခံမှုအနေအထားတစ်ရပ်ကိုလည်း ရရှိစေပါတယ်။

အားနည်းချက်တစ်ခုက ပါတီတွင်းမှာရှိတဲ့ အစုအဖွဲ့တွေအကြား အားပြိုင်မှုနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်မှုအပေါ်မူတည်ပြီး ပါတီဥက္ကဋ္ဌကို ရွေးချယ်ကြတာဖြစ်တဲ့အတွက် အစုအဖွဲ့တွေအကြား အင်အားချိန်ခွင်လျှာ အပြောင်းအလဲရှိတာနဲ့အမျှ ခေါင်းဆောင်တွေလည်း မကြာခဏ အပြောင်းအလဲရှိတာကြောင့် ဂျပန်ရဲ့ ခေါင်းဆောင်ပိုင်းကို Revolving-door leadership လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ များသောအားဖြင့် ဂျပန်ဝန်ကြီးချုပ်တွေရဲ့ သက်တမ်းဟာ တစ်နှစ်၊ နှစ်နှစ်ခန့်သာ ကြာမြင့်တတ်တာကို တွေ့ရှိရပါတယ်။ ခြွင်းချက်အနေနဲ့ အောင်မြင်တဲ့ ဝန်ကြီးချုပ်တွေဖြစ်ကြတဲ့ Junichiro Koizumi ဆိုရင် ၂၀၀၁ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ ငါးနှစ်၊ Shinzo Abe ရဲ့ ဒုတိယသက်တမ်းဆိုရင် ၂၀၁၂ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ရှစ်နှစ်တို့ ဖြစ်ပါတယ်။ ခေါင်းဆောင်ပိုင်း မကြာခဏပြောင်းလဲတာနဲ့အမျှ နိုင်ငံတွင်းရေရှည်မူဝါဒချမှတ်မှု၊ ကြီးမားတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နိုင်စွမ်းမှာ အားနည်းစေပါတယ်။

အယ်လ်ဒီပီပါတီရဲ့ ပါတီအစုအဖွဲ့တွေအကြား ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးရန်ပုံငွေ ထိမ်ချန်ဖော်ပြမှု အရှုပ်အရှင်းကိစ္စတွေဟာ အယ်လ်ဒီပီပါတီအပေါ် အကြီးအကျယ် ရိုက်ခတ်စေခဲ့ပါတယ်။ ဝန်ကြီးချုပ်ဟောင်း ရှင်ဇို အာဘေးရဲ့ အစုအဖွဲ့၊ ပါတီအထွေထွေအတွင်းရေးမှူးဟောင်း Toshihiro Nikai ရဲ့ အစုအဖွဲ့အပါအဝင် အစုအဖွဲ့အချို့ဟာ နိုင်ငံရေးရန်ပုံငွေ ယန်းသန်းပေါင်းများစွာကို အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ထိမ်ချန်ခဲ့ကြတဲ့ဖြစ်စဉ်ကြောင့် စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ကြရပါတယ်။ ဒီအစုအဖွဲ့တွေမှာ ပါဝင်နေတဲ့ သူတွေကိုလည်း ထိုစဉ်က ဝန်ကြီးချုပ် Fumio Kishida က အစိုးရအဖွဲ့က ထုတ်ပယ်ခဲ့ပါတယ်။ ဒါ့အပြင် အယ်လ်ဒီပီပါတီအတွင်းက အစုအဖွဲ့တွေကိုလည်း ဖျက်သိမ်းခဲ့ရာမှာ အရှုပ်အရှင်းကင်းရှင်းတဲ့ ဝန်ကြီးချုပ်ဟောင်း Taro Aso သာလျှင် သူ့အစုအဖွဲ့ကို မဖျက်သိမ်းဘဲ ထားရှိခဲ့ပါတယ်။

ဒီနိုင်ငံရေးရန်ပုံငွေပြဿနာဟာ အယ်လ်ဒီပီပါတီရဲ့ ပါတီဝင်ဦးရေကိုလည်း လျော့နည်းလာစေခဲ့သလို ပါတီအပေါ် လူထုထောက်ခံမှုကိုလည်း ကျဆင်းစေခဲ့ပါတယ်။ နိုင်ငံရေးရန်ပုံငွေပြဿနာတွေ မပေါ်ပေါက်ခင် ၂၀၂၂ ခုနှစ်မှာ ကျင်းပခဲ့တဲ့ အထက်လွှတ်တော် ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီဟာ အချိုးကျကိုယ်စားပြုမဲစနစ်မှာ မဲအရေအတွက် ၁၈ ဒသမ ၃ သန်း ရရှိခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးရန်ပုံငွေပြဿနာတွေ ပေါ်လာပြီး ၂၀၂၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ အောက်လွှတ်တော် ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီဟာ အချိုးကျကိုယ်စားပြုမဲစနစ်မှာ မဲအရေအတွက် ၁၄ ဒသမ ၆ သန်းသာ ရရှိခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ဇူလိုင်လမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အထက်လွှတ်တော်ရွေးကောက်ပွဲမှာတော့ မဲအရေအတွက် ၁၂ ဒသမ ၈ သန်းသာ ရရှိခဲ့ပါတယ်။ အယ်လ်ဒီပီပါတီဝင်ဦးရေဆိုရင်လည်း အယ်လ်ဒီပီပါတီအားကောင်းခဲ့စဉ် ၁၉၉၁ ခုနှစ်ခန့်က ၅ ဒသမ ၄၆ သန်းအထိ ရှိခဲ့ပေမယ့် တဖြည်းဖြည်းကျဆင်းလာခဲ့ရာမှာ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပါတီဝင်ဦးရေ တစ်သန်းကျော်ကျော်သာရှိတော့တာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်ဟာ ပါတီအပေါ် ပြည်သူလူထုရဲ့ ယုံကြည်မှုပြန်လည်မြင့်မားလာစေရေးကိုလည်း အလေးပေးဆောင်ရွက်သွားရဖို့ ရှိနေပါတယ်။

### သုံးသပ်ချက်

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့မှာ ကျင်းပမယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အဲဒီ ငါးဦးထဲမှာ လူထုစစ်တမ်းနဲ့ လွှတ်တော်အမတ်တွေကို ကောက်ယူတဲ့စစ်တမ်းတွေအရ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ရှင်ဂျိရို ကိုအိဇုမိနဲ့ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်းဖြစ်သူ မစ္စ တာကာချိ ဆာနာအဲတို့သာလျှင် ထိပ်ဆုံးမှာရှိနေကြပြီး အလားအလာအကောင်းဆုံးသူ နှစ်ဦးအဖြစ် အစဉ်တစိုက် ရပ်တည်လျက်ရှိပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးဟောပြောမှုတွေ ပြုလုပ်ကြတဲ့အခါမှာ သူတို့ အကောင်အထည်ဖော်မယ့်မူဝါဒတွေ၊ စကားအပြောအဆိုတွေအပေါ် မူတည်ပြီး ရလဒ်တွေလည်း အပြောင်းအလဲရှိလာနိုင်ပါတယ်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ရှင်ဂျိရို ကိုအိဇုမိဟာ လူငယ်တစ်ဦးပီပီ တစ်ခါတစ်ရံမှာ အမြီးအမောက်မတည့်တဲ့ ပြောဆိုမှုတွေ၊ ဖြေကြားမှုတွေ ပြုလုပ်တတ်တာကြောင့် သတိထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အယ်လ်ဒီပီပါတီရဲ့ဥက္ကဋ္ဌအဖြစ် ဘယ်သူပဲ အနိုင်ရရှိသည်ဖြစ်စေ ပါတီဥက္ကဋ္ဌအနေနဲ့ ရင်ဆိုင်ဖြေရှင်းရမယ့် အခက်အခဲတွေ အများကြီးရှိနေပါတယ်။ ပထမဆုံးရင်ဆိုင်ဖြေရှင်းရမယ့် အခက်အခဲက ပြည်သူလူထုရဲ့ ထောက်ခံမှုနှုန်း လျော့နည်းကျဆင်းနေမှုနဲ့ ပါတီရဲ့ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်သွားဖို့ပဲ ဖြစ်ပါတယ်။ ယခင် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲတွေ ကျင်းပခဲ့စဉ်က အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ဟာ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်တို့မှာ အမတ်နေရာ အများစုရရှိထားခဲ့တာကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဟာ အလိုအလျောက် ဝန်ကြီးချုပ် ဖြစ်လာခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ဟာ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်တို့မှာ အမတ်နေရာအနည်းစုသာ ရရှိထားတာကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဟာ အလိုအလျောက် ဝန်ကြီးချုပ်ဖြစ်လာဖို့ မရှိပါဘူး။ ဒါကြောင့် လွှတ်တော်မှာ ဝန်ကြီးချုပ်လောင်းအမည်စာရင်း တင်သွင်းတဲ့အခါမှာ အတိုက်အခံပါတီအချို့ရဲ့ ထောက်ခံမှုကို ရရှိဖို့ဟာ အယ်လ်ဒီပီပါတီအတွက် မဖြစ်မနေ လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ ဒီအချက်ဟာ ပါတီဥက္ကဋ္ဌရွေးချယ်ပွဲမှာ အများကြီးတာသွားတဲ့အချက် ဖြစ်ပါတယ်။ ဘယ်ကိုယ်စားလှယ်လောင်းဟာ ဘယ်အတိုက်အခံပါတီနဲ့ ဆက်ဆံရေးသင့်မြတ်ကောင်းမွန်တယ်ဆိုတဲ့အချက်ဟာ ရွေးချယ်မယ့် ပါတီကိုယ်စားလှယ်တွေနဲ့ အယ်လ်ဒီပီလွှတ်တော်အမတ်တွေ ထည့်သွင်းစဉ်းစားလာကြရတော့မယ့် အချက် ဖြစ်ပါတယ်။

*စာမျက်နှာ ၁၃ သို့*

## စိုက်ပျိုးရေရရှိရေးနှင့် ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမဖြစ်စေရေး၊ ရေးစီးရေလာ ကောင်းမွန်ရေး၊ မိုးသီးနှံများ ရေနစ်မြုပ်မှု မရှိစေရေး ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ကွင်းဆင်းစစ်ဆေးစဉ် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်သန်းက ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ တံတားများ၊ ရေထုတ်ပေါက်များ၌ ပိတ်ဆို့နေသော အမှိုက်များရှင်းလင်းထားရှိမှု၊ ဆင်သေလက်ယာမြောင်းမကြီးဝဲယာရှိ Box Culvert များမှ ထုတ်နုတ်ရေများကို ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့် ရှင်းလင်း၍ ရေကြီးရေလျှံမှု လျှော့ချကာ ဆင်သေလက်ယာမြောင်းမကြီးအတွင်းသို့ ယာယီဖောက်ထုတ်ထားရှိမှု အခြေအနေများနှင့် တောင်သူများ သီးနှံစိုက်ပျိုးနိုင်ရေး ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပါက သီးနှံများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## ကျေးသီးမြို့နယ်၌ ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

ကျေးသီး အောက်တိုဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အာရုံစူးစိုက်လေ့လာမှု၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကျင်းပရာ အမက(မူလွန်)ကျောင်း လုံပုမှ ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကလေးငယ်များအား ဆုများနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ငါးသိုင်းချောင်းမြို့၌ နေကြာနှင့် ပဲပုပ် စိုက်ကေပြည့်မီရေး တောင်သူနည်းပညာပေး ဆွေးနွေး

**ငါးသိုင်းချောင်း အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ မြို့စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်စိုက်ကေပြည့်မီရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က သရက်ချောင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမြင့်က စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံအလိုက် မျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း၊ မြေယာပြင်ဆင်ခြင်း၊ မျိုးစေ့ချပုံစနစ်၊ အပင်ပြုစုစောင့်ရှောက်ခြင်းနည်းလမ်းများ၊ ပိုးမွှားနှင့် ရောဂါကာကွယ်နှိမ်နင်းခြင်း၊ နေကြာနှင့် ပဲပုပ်သီးနှံများတွင် အဖြစ်များသော ပိုးမွှားနှင့် ရောဂါများကို ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ နှိမ်နင်းကုသနိုင်မည့် နည်းလမ်းများကို ဆွေးနွေးဟောပြောပြီး မြို့မြေစာရင်းစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းထွန်းက စိုက်ကေပြည့်မီရေး ပူးပေါင်းဆောင်ရွက်မှုများ၊ သတ်မှတ်ထားသည့် စိုက်ကေကို အချိန်မီပြီးစီးအောင် တောင်သူအချင်းချင်း၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းလုပ်ဆောင်မည့် အစီအစဉ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်အနေနဲ့ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီဆိုရင်တောင် လွှတ်တော်နှစ်ရပ်စလုံးမှာ အယ်လ်ဒီပီပါတီဟာ အနည်းစုနေရာသာ ရရှိထားတာကြောင့် လွှတ်တော်တွင်းမှာ ဥပဒေမူကြမ်းတွေ အတည်ပြုနိုင်ဖို့ အနည်းဆုံးအတိုက်အခံပါတီတစ်ပါတီနဲ့ လက်တွဲဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ အယ်လ်ဒီပီပါတီအနေနဲ့ မိတ်ဖက်ပါတီအဖြစ်ဖွဲ့စည်းနိုင်မယ့် အလားအလာရှိတဲ့ ပါတီ နှစ်ပါတီက Democratic Party for the People (DPFP) ပါတီနဲ့ Nippon Ishin no kai လို့ခေါ်တဲ့ Japan Innovation Party (JIP) ပါတီတို့ ဖြစ်ပါတယ်။ ဘယ်ပါတီနဲ့ မိတ်ဖက်ဖွဲ့နိုင်မလဲဆိုတာက အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲရလဒ်အပေါ်မှာ တည်မှီနေပါတယ်။ ဒီအတိုက်အခံပါတီ နှစ်ပါတီနဲ့ မဟာမိတ်ဖွဲ့နိုင်ဖို့ အကြီးဆုံးအတိုက်အခံပါတီဖြစ်တဲ့ Consti-tutional Democratic Party of Japan (CDPJ) က ကြိုးစားနေပေမယ့် သူတို့အနေနဲ့ လုံခြုံရေးနဲ့ စွမ်းအင်မူဝါဒတွေမှာ သဘောထားကွဲလွဲမှုတွေ ရှိနေတဲ့ CDPJ ပါတီနဲ့ ပူးပေါင်းဖို့မရှိကြောင်း ထုတ်ဖော်ပြောကြားထားကြပါတယ်။

ဂျပန်နိုင်ငံမှာ သဘာဝဘေးအန္တရာယ်တွေ ခပ်စိပ်စိပ်ကြုံတွေ့လာရမှု၊ သက်ကြီးရွယ်အိုလူဦးရေ တိုးပွားများပြားလာမှု၊ အလုပ်လုပ်နိုင်တဲ့ အင်အားစု လျော့ကျလာမှု၊ ကြွေးမြီပမာဏ များပြားလာမှုအပြင် ဆယ်စုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးရောက်ရှိနေမှု၊ ဆန် စတဲ့ အစားအသောက်တွေအပါအဝင် လူသုံးကုန်ပစ္စည်းဈေးနှုန်းတွေ မြင့်မားလာမှု၊ နိုင်ငံခြားသားတွေ အများအပြား ဝင်ရောက်လာမှု စတဲ့အခက်အခဲတွေကို ရင်ဆိုင်နေရပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံရဲ့ ပတ်ဝန်းကျင်မှာ လုံခြုံရေးအခြေအနေတွေ ဆိုးရွားလာနေတယ်လို့ ဂျပန်အစိုးရက ခံယူနေချိန်မှာ သူ့ရဲ့ မဟာမိတ် အမေရိကန်နိုင်ငံက ဂျပန်ရဲ့ လုံခြုံရေးအတွက် အာမခံချက်ပေးထားမှုကို ရှောင်ဖယ်လာမှုတွေကြောင့် ဂျပန်နိုင်ငံမှာ ခိုင်မာပြတ်သားမှု၊ ဆုံးဖြတ်ချက်ချမှတ်နိုင်မှု အရည်အချင်းတွေ ပြသနိုင်တဲ့ ခေါင်းဆောင်တစ်ဦး လိုအပ်နေပါတယ်။

ဒီလိုပြတ်သားတဲ့ ခေါင်းဆောင်မှုပေးနိုင်မယ့်သူတွေအဖြစ် ဂျပန်ပြည်သူလူထုရော၊ ဂျပန်လွှတ်တော်အမတ်တွေအကြားမှာပါ ရေပန်းစားနေသူ သုံးဦးရှိပါတယ်။ သူတို့ သုံးဦးက စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီးဟောင်းဖြစ်တဲ့ အသက် ၅၁ နှစ်ရှိ မစ္စတာ တာကာယူကီ ကိုဘာယာရှိ၊ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်းဖြစ်သူ အသက် ၆၄ နှစ်အရွယ်ရှိ မစ္စ တာကာချိ ဆာနာအဲနဲ့ လူငယ်နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ လက်ရှိလယ်ယာစိုက်ပျိုးရေးဝန်ကြီး မစ္စတာ ရှင်ဂျိရို ကိုအိဇုမိတို့ ဖြစ်ပါတယ်။ ကျန်နှစ်ဦးဖြစ်တဲ့ လက်ရှိအစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှီနဲ့ အယ်လ်ဒီပီပါတီ အထွေထွေအတွင်းရေးမှူးဟောင်း တိုရှီမစ်ဆု မိုတေဂီတို့ကတော့ အစိုးရပိုင်းနဲ့ ပါတီပိုင်းမှာ အတွေ့အကြုံတွေ အများကြီးရှိပေမယ့် ပြည်သူလူထုနဲ့ ပါတီတွင်းပြုပြင်ပြောင်းလဲရေး လိုလားသူတွေအတွက် သူတို့ နှစ်ဦးဟာ ပုံရိပ်ဟောင်းကိုပဲ ပေးစွမ်းနိုင်မယ့် အနေအထားရှိတာကြောင့် အလားအလာနည်းပါးသူတွေဖြစ်ပါတယ်။ ဒါပေမယ့် ပထမအကြိမ် မဲပေးရွေးချယ်မှုရလဒ်တွေကို ကြည့်ပြီးမှ ယတိပြတ်ပြောနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဒီအချက်ကို ၂၀၂၄ ခုနှစ် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ အီရှီဘာ အနိုင်ရရှိခဲ့ခြင်းက သက်သေပြသွားခဲ့ပြီး ဖြစ်ပါတယ်။

အခုရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ရှင်ဂျိရို ကိုအိဇုမိနဲ့ Nippon Ishin no kai (JIP) ပါတီရဲ့ ခေါင်းဆောင် Hirofumi Yoshimura တို့ဟာ ခင်မင်ရင်းနှီးမှုရှိကြတဲ့ အနေအထားမှာ ရှိနေပါတယ်။ ရှင်ဂျိရို ကိုအိဇုမိ စက်တင်ဘာလအတွင်းက World Expo ပြပွဲကို သွားရောက်ကြည့်ရှုစဉ် အိုဆာကာခရီးစဉ်မှာ Nippon Ishin no kai ပါတီရဲ့ ခေါင်းဆောင် Hirofumi Yoshimura ဟာ တောက်လျှောက်လိုက်ပါခဲ့ပါတယ်။ ဒါကြောင့် ရှင်ဂျိရို ကိုအိဇုမိသာ အနိုင်ရရှိခဲ့ရင် Nippon Ishin no kai ပါတီနဲ့ မိတ်ဖက်ဖွဲ့စည်းနိုင်မယ့် အနေအထားမှာရှိတဲ့အတွက် ဒီအချက်ဟာ ရှင်ဂျိရို ကိုအိဇုမိအတွက် အားသာချက်တစ်ရပ် ဖြစ်စေပါတယ်။ နောက်ထပ်အလေးထားရမယ့်အချက်က အယ်လ်ဒီပီနဲ့ ၁၉၉၉ ခုနှစ်ကတည်းက မဟာမိတ်ဖွဲ့ထားတဲ့ ကိုမေးတိုးပါတီရဲ့ သဘောထားဖြစ်ပါတယ်။ ကိုမေးတိုးပါတီရဲ့ ခေါင်းဆောင် Tetsuo Saito က သူတို့ပါတီရဲ့ အခြေခံရပ်တည်ချက်တွေနဲ့ သွေဖည်ဆန့်ကျင်မယ့် အယ်လ်ဒီပီပါတီခေါင်းဆောင်တက်လာရင် မဟာမိတ်ဖွဲ့စည်းထားမှုကို ရုပ်သိမ်းမယ်လို့ ပြောကြားထားပါတယ်။ ဒါဟာ စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီးဟောင်းဖြစ်သူ မစ္စ တာကာချိ ဆာနာအဲကို ရည်ညွှန်းပြောကြားတာ ဖြစ်ပါတယ်။ ဒါကြောင့် အထက်နဲ့အောက်လွှတ်တော် နှစ်ရပ်စလုံးမှာ လူနည်းစုအနေအထား ရပ်တည်နေရချိန်မှာ ကိုမေးတိုးပါတီနဲ့ မဟာမိတ်ဖွဲ့စည်းထားမှုကို ဘယ်အယ်လ်ဒီပီပါတီဝင်မှ လက်လွှတ်ချင်မှာ မဟုတ်ပါဘူး။ ဒီအချက်ကလည်း ရှင်ဂျိရို ကိုအိဇုမိအတွက် နောက်ထပ်အားသာချက်တစ်ရပ် ဖြစ်စေပါတယ်။

အယ်လ်ဒီပီပါတီဥက္ကဋ္ဌအဖြစ် ဘယ်သူပဲတက်လာသည်ဖြစ်စေ ပါတီဥက္ကဋ္ဌဟာ တစ်ချိန်က ဂျပန်နိုင်ငံရေးမှာ ဩဇာအာဏာလွှမ်းမိုးခဲ့ပေမယ့် အခုအခါ အကျဘက်ကို ဦးတည်လာနေတဲ့ပါတီကို ပြန်လည်တည့်မတ်ပေးရမယ့်တာဝန် ရှိလာနေပါတယ်။ အယ်လ်ဒီပီပါတီရဲ့ မဟာမိတ်ဖြစ်တဲ့ ကိုမေးတိုးပါတီဟာဆိုရင်လည်း ပါတီကို တည်ထောင်ခဲ့တဲ့ Soka Gakkai ဘာသာရေးအဖွဲ့အစည်းကို တည်ထောင်သူ Daisaku Ikeda ၂၀၂၃ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပြီးနောက် အဖွဲ့ဝင်ဦးရေ လျော့နည်းလာနေသလို လူထုထောက်ခံမှုလည်း ကျဆင်းလာနေပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဟာ အတိုက်အခံပါတီအချို့နဲ့ မဟာမိတ်ဖွဲ့စည်းနိုင်ဖို့ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ သုံးစွဲခွင့်ပြုချက်ရရှိမှု၊ ဥပဒေမူကြမ်းအတည်ပြုနိုင်မှု စတဲ့ လွှတ်တော်ရဲ့ အတည်ပြုချက်ရရှိဖို့ ခက်ခဲစေမှာဖြစ်ပါတယ်။ အခုအချိန်မှာ အယ်လ်ဒီပီပါတီဟာ တတိယအတိုက်အခံပါတီတစ်ခုနဲ့ မဟာမိတ်ဖွဲ့စည်းနိုင်ဖို့ လိုအပ်နေတဲ့ အချက်ကို ထောက်ရှုခြင်းဖြင့် ရှင်ဂျိရို ကိုအိဇုမိဟာ အနိုင်ရရှိဖို့ အသင့်တော်ဆုံး အနေအထားမှာ ရှိနေသလို မစ္စ တာကာချိ ဆာနာအဲ အနိုင်ရရှိခဲ့ရင်လည်း သူဟာ သဘောထားတင်းမာသူမဟုတ်ဘဲ ပျော့ပျောင်းမှု၊ ပြုပြင်လွယ်မှု အနေအထားမှာ ရှိပါတယ်ဆိုတာ လက်တွေ့ပြသသွားဖို့ လိုအပ်မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ရည်ညွှန်း**


- Whiteboarding the LDP election by Edo Naito (Japan Times) 18 Sept. 2025
- Faltering LDP unravels Japan's postwar conservative hegemony by Andrew Levidis (East Asia Forum Quarterly Vol.17 No.3 July–September 2025)
- After seven decades, is it finally time for the LDP to split up? By Eric Johnston (Japan Times) 18 Sept. 2025
- What comes after Japanese PM Ishiba's resignation? Five things to know by Mitsuru Obe (Nikkei Asia) 9 Sept. 2025
- Next LDP Chief's PM hopes depend on opposition by Eric Johnston (Japan Times) 11 Sept. 2025

# ဖိလစ်ပိုင်၌ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၆၉ ဦးအထိ ရှိလာ

**မနီလာ အောက်တိုဘာ ၁**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီဘူးပြည်နယ်၌ စက်တင်ဘာ ၃၀ ရက် ညပိုင်းက ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ရာ သေဆုံးသူဦးရေမှာ ၆၉ ဦးအထိရှိလာပြီဟု ဖိလစ်ပိုင်ပြည်သူ့ကာကွယ်ရေးရုံး (အိုစီဒီ) က အောက်တိုဘာ ၁ ရက်တွင် ပြောသည်။

ငလျင်၏ဗဟိုချက်နေရာဖြစ်သော ဘိုဂိုမြို့၌ သေဆုံးသူ ၃၀ ရှိပြီး မက်ဒက်အင်းမြို့တွင် ၁၀ ဦး၊ ဆန်ရီ မစ်ဂျီယိုတွင် ၂၂ ဦး၊ တာဘိုဂွန်မြို့တွင် ငါးဦး၊ ဆိုဂေါဒ်နှင့် တာဘူလန်မြို့တို့တွင် တစ်ဦးစီ ငလျင်ကြောင့် သေဆုံးခဲ့ရသည်ဟု အိုစီဒီ၏ လက်ထောက်အတွင်းဝန် ဘာနာဒိုရာဖီလစ်တို အလီဂျန်ဒရိုက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နေအိမ်အဆောက်အအုံများ၏ နံရံများပြိုကျမှုကြောင့် လူများသေဆုံးရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီ၏ ကနဦးဖော်ပြချက်အရ ဒဏ်ရာရရှိသူ ၁၄၇ ဦးထက်မနည်းရှိသည်ဟု သိရသည်။ ပြိုကျသွားသည့်အဆောက်အအုံများနှင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်လုပ်ဆောင်နေသည့်အတွက် သေဆုံးသူဦးရေမှာ ထပ်တိုးလာဖွယ်ရှိသည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ပညာရပ်ဆိုင်ရာတိုင်းတာရေးအင်စတီကျူ၏ ကနဦးထုတ်ပြန်ချက်အရ စီဘူးပြည်နယ်၌ စက်တင်ဘာ ၃၀ ရက် ည ၉ နာရီ ၅၉ မိနစ်က ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သည်ဟု ဖော်ပြထားသည်။ နောက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူဟု ပြင်ဆင်ခဲ့သည်။

ငလျင်၏အနက်မှာ ၅ ကီလိုမီတာရှိပြီး ဘိုဂိုမြို့အရှေ့မြောက်ဘက် ၁၉ ကီလိုမီတာခန့်အကွာတွင် လှုပ်ခတ်ခဲ့ကြောင်း ဖြည့်စွက်ဖော်ပြခဲ့သည်။ စက်တင်ဘာ ၃၀ ရက် ညပိုင်းမှစ၍ နောက်ဆက်တွဲငလျင်ပေါင်း ၆၀၀ ကျော် လှုပ်ခတ်ပြီးဖြစ်ကြောင်း အင်စတီကျူက သတင်းထုတ်ပြန်သည်။ **ဆင်ဟွာ**



စီဘူးပြည်နယ် ဘိုဂိုမြို့၌ ငလျင်ကြောင့်အပျက်အစီးများကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ၌ ပြိုကျစာသင်ကျောင်းအဆောက်အအုံတွင် ကျောင်းသား ကျောင်းသူ ၉၁ ဦး ပိတ်မိနေ

**ဂျကာတာ အောက်တိုဘာ ၁**

စာသင်ကျောင်း အဆောက်အအုံပြိုကျမှုဖြစ်ပွားပြီးနောက် နှစ်ရက်အကြာတွင် အပျက်အစီးများအောက်၌ ကျောင်းသား ကျောင်းသူ ၉၁ ဦး ပိတ်မိနေနိုင်သေးကြောင်း အင်ဒိုနီးရှားဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင်ရှိသည့် အဆိုပါစာသင်ကျောင်း အဆောက်အအုံမှာ စက်တင်ဘာ ၂၉ ရက်က ရုတ်တရက် ပြိုကျခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကျောင်းသား ကျောင်းသူ သုံးဦးထက်မနည်း သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့ပြီး အခြား ၂၆ ဦးမှာ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။



အရှေ့ဂျာဗားပြည်နယ် ပြိုကျစာသင်ကျောင်းအဆောက်အအုံ အပျက်အစီးများအောက် အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ်။

ကျောင်းတက်မှတ်တမ်းများကို ပြန်လည်စစ်ဆေးပြီးနောက် အပျက်အစီးများ အောက်တွင် ကျောင်းသား ကျောင်းသူ ၉၁ ဦး ပိတ်မိနေသည်ဟု ယုံကြည်ရကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြိုကျသွားသော စာသင်ကျောင်းအဆောက်အအုံမှာ တိုးချဲ့ဆောက်လုပ်နေခြင်းဖြစ်ကြောင်းနှင့် အဆောက်အအုံပြိုကျရသည့် အကြောင်းရင်းမှာ ဆောက်လုပ်မှုပိုင်းဆိုင်ရာတွင် မပြည့်စုံမှုသို့မဟုတ် ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အင်တာနက်သုံးစွဲခွင့် တားမြစ်လိုက်ခြင်းကြောင့် အင်တာနက်လိုင်းပြတ်တောက်ခြင်းမဟုတ်ဟုဆို

**အစ္စလမ္မာဘတ် အောက်တိုဘာ ၁**

နိုင်ငံအတွင်း အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းသည် နည်းပညာကြောင့်ဖြစ်ကြောင်းနှင့် အင်တာနက်သုံးစွဲခွင့် တားမြစ်လိုက်ခြင်းကြောင့် မဟုတ်ကြောင်း အာဖဂန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က အောက်တိုဘာ ၁ ရက် ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းရှိ အင်တာနက်လိုင်းများမှာ ဟောင်းနွမ်းနေပြီဖြစ်ကြောင်းနှင့် အဆိုပါနေရာတွင် အင်တာနက်လိုင်းအသစ်များ အစားထိုးတပ်ဆင်နေကြောင်း မူဂျာဟစ်ပြောစကားကို ကိုးကားပြီး အာဖဂန်အစိုးရ၏ အူရဒူအိတ်စ်အကောင့်တွင် ဖော်ပြခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် မကြာသေးမီရက်များအတွင်း အင်တာနက်လိုင်းပြတ်တောက်မှုများနှင့် ကြုံတွေ့ခဲ့သည်။ အင်တာနက်အသုံးပြုမှု ပြတ်တောက်ခြင်းနှင့်ပတ်သက်ပြီး ဖြစ်နိုင်သည့်ယူဆချက်များကို လူမှုမီဒီယာပေါ်တွင် အမျိုးမျိုးဖော်ပြလျက်ရှိသည်။ **ဆင်ဟွာ**



# ဂျပန်နိုင်ငံ၌ အပူလျှပ်မှုကြောင့် ဆေးရုံတင်ရသူပေါင်း ပထမဆုံးအကြိမ် ၁၀၀၀၀၀ ကျော်လာ

**တိုကျို အောက်တိုဘာ ၁**

ယခုနှစ်ရာသီတွင် ဂျပန်နိုင်ငံ၌ အပူလျှပ်မှုကြောင့်ဆေးရုံတင်ရသူ ၁၀၀၀၀၀ ကျော်ရှိသည်ဟု ဂျပန်နိုင်ငံ၏ မီးသတ်နှင့်ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဂျပန်နိုင်ငံ၌ အပူလျှပ်မှုကြောင့် ဆေးရုံသို့ပို့ဆောင်ခံရသူ ဦးရေမှာ ပထမဆုံးအကြိမ် ၁၀၀၀၀၀ ကျော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၃၀ ရက် ကနဦးထုတ်ပြန်ချက်များအရ မေလမှ စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံတစ်ဝန်း အပူလျှပ်မှုကြောင့် ဆေးရုံသို့ပို့ဆောင်ခံရသူ ၁၀၀၁၄၃ ဦးရှိသည်ဟု သိရသည်။



၂၀၁၅ ခုနှစ်မှစတင်၍ အပူလျှပ်မှုကြောင့် ဆေးရုံသို့ပို့ဆောင်ခံရသူဦးရေမှာ ပထမဆုံးအကြိမ်အဖြစ် ၁၀၀၀၀၀ ထက် ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း အပူလျှပ်မှုကြောင့် လူနာ ၁၁၆ ဦး သေဆုံးခဲ့ပြီး ၃၆၄၄၈ ဦးမှာ ဆေးရုံတက်ရန်လိုအပ်သည့် လက္ခဏာများပြသခဲ့သည်။

ဆေးရုံတက်ရသူ လူနာထက်ဝက်ခန့်မှာ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာမြောက်ပိုင်းတွင် အစာအဆိပ်သင့်ပြီး ကျောင်းသား ကျောင်းသူ ၄၅ ဦးခန့် ဆေးရုံရောက်

**ကိုလံဘို အောက်တိုဘာ ၁**

သီရိလင်္ကာနိုင်ငံ၏ မြောက်အလယ်ပိုင်းပြည်နယ်တစ်ခုတွင် ကျောင်းသား ကျောင်းသူ ၄၅ ဦးခန့် အစာအဆိပ်သင့်မှု ခံစားရပြီးနောက် အောက်တိုဘာ ၁ ရက်က ဆေးရုံသို့ ပို့ဆောင်လိုက်ရကြောင်း သိရသည်။

ယင်းနေ့အစောပိုင်းက ကျင်းပပြုလုပ်ခဲ့သော ကလေးများနေ့ အစီအစဉ်တွင် ကျွေးမွေးသောအစားအစာကို စားပြီးနောက် ထိုသို့အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ အက်ဖ်ယူဝုတ်လာက ပြောသည်။

မိဘများသည် ၎င်းတို့၏ကလေးများကို ဆေးကုသမှုခံယူရန် ဒေသဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့သည်ဟု ဝုတ်လာက ပြောသည်။ ကျောင်းသား အများစုမှာ ဆေးကုသမှု ဆက်လက်ခံယူနေဆဲဖြစ်ကြောင်းနှင့် တခြား ကျောင်းသား ကျောင်းသူများမှာ ဆေးရုံမှ ဆင်းလာကြပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဒေသရဲတပ်ဖွဲ့ဝင်များက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဆေးဘက်ဆိုင်ရာ ကုထုံးအသစ်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာပြီး လူတစ်ဦးချင်း၏ မျှော်မှန်းသက်တမ်းများ မြင့်တက်လာကာ သက်ကြီးပုဂ္ဂိုလ်ဦးရေသည် တဖြည်းဖြည်းတိုးပွားလာနေပါကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ သန်းကျော်အနက် အသက် ၆၀ နှင့်အထက် ဦးရေသည် ၆ ဒသမ ၁ သန်းကျော်ရှိသည့်အတွက် စုစုပေါင်း လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေသည် ၁၃သန်းခန့်ရှိလာပြီး စုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းထိ တိုးပွားလာမည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည့်အတွက် ဆက်လက်ကျဆင်းနေကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် ၅ နှစ်အောက် ကလေးသေဆုံးမှုနှုန်းသည် ၄ ရာခိုင်နှုန်းနီးပါးဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း မွေးဖွားနှုန်းနှင့် နှိုင်းယှဉ်လျှင် သေဆုံးမှုနှုန်းက ပိုများနေသည်ကိုတွေ့ရကြောင်း။

အချိန်ကြာလာသည်နှင့်အမျှ လူဦးရေပြန်ဖြည့်ရန် ခဲယဉ်းလာမည်ဖြစ်ပြီး လူအိုအများစုဖြစ်လာသော Ageing Society ဘဝကို မကြာမီရောက်ရှိလာနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို “ဘဝချမ်းသာ အခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး” ဟု ချမှတ်တိုက်တွန်းနှိုးဆော်လိုက်ခြင်းဖြစ်ပါကြောင်း၊ ဘိုးဘွားရိပ်သာများအား အဆင့်အလိုက် ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သည့် နည်းပညာများ ပံ့ပိုးပေးခြင်းနှင့် တစ်နိုင်ငံလုံးတွင် လူမှုရေးပင်စင်အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် ခြောက်လစာကို သက်ကြီးပုဂ္ဂိုလ် ၁၂၁၆၂၂ ဦးကို ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၇ ဒသမ ၂၁၇ ဘီလီယံကျော်အား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများကနေ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးမှ အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကို ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်ဗီဒီယိုမှတ်တမ်းကို ပြသပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများအား လူသုံးကုန်၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ(၁) ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရား၊ လုပ်ငန်းစွမ်းရည်များ ပြည့်ဝနေစေရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက် တာဝန်(၄)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသော တပ်ဖွဲ့ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝပြီး စွမ်းရည်ထက်မြက်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရဲမှုထမ်းကောင်း တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိကြသည့် တပ်ဖွဲ့ဝင်များ၊ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ ရဲလုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့သည့် စစ်မှုထမ်းဟောင်းများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ပြည်သူများကို ဆုများ ပေးအပ်သည်။ **(ဝဲပုံ)**

ယင်းနောက် “အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့” အခမ်းအနားကို သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား အလှူငွေများနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အဘိုးအဘွားများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြက်မောက်တောင်ရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁**

တိုင်ဖွန်းမုန်တိုင်း (BUALOI) အကြွင်းအကျန်များ အရှိန်ကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် နေရာကွက်ပြီး မိုးများရွာသွန်းလျက်ရှိသော်လည်း ဆည်တမံများ ရေဝင်ရောက်မှုနှင့် တမံကြံ့ခိုင်မှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးလျက်ရှိရာ တမံများ၏ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကြက်မောက်တောင် ရေလှောင်တမံ၏ စီးဝင်ချောင်းများတွင် မိုးများရွာသွန်း၍ ရေလှောင်ကန်အတွင်း စီးဝင်ရေများပြားပြီး ရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းလျက်ရှိရာ ရေလှောင်တမံရေဝင်ရောက်မှုအခြေအနေနှင့် ဆက်စပ်ရေအား အဆောက်အအုံကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ကြက်မောက်တောင် ရေလှောင်တမံအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လက်ရှိရေသိုလှောင်ထားရှိမှု ပမာဏအရ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုစိတ်ချကောင်းမွန်မှုရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေး လုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်နှင့် ရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအား အဆောက်အအုံများကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan -EPP)ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် ရေပြန်လည်ကျဆင်းချိန် စစ်ဆေးဆောင်ရွက်ရမည့် လုပ်ငန်းများအား စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရန်၊ ကန်ရေပြည့်ရေလှောင်ပမာဏထက် ရေပိုမိုသိုလှောင်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ယခင်နှစ်များထက် ရေပိုမိုသိုလှောင်ထားရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးဧရိယာ တိုးချဲ့ရေပေးဝေနိုင်ရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း တည်ရှိသည့် ကြက်မောက်တောင် ရေလှောင်တမံသည် ယခုနှစ် မိုးရွာသွန်းမှု ကောင်းမွန်မှန်ကန်မှုရှိခဲ့သဖြင့် စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကန်ရေပြည့်မှတ်သို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် ရေပိုလွှဲမှ အမြင့်ဆုံး ၃ ဒသမ ၄၀ ပေအထိ ရေကျော်စီးဆင်းလျက်ရှိခဲ့သော်လည်း ယနေ့ အောက်တိုဘာ ၁ ရက်တွင် ရေပိုလွှဲမှ အမြင့်ပေ ၂ ဒသမ ၇ ပေသာ ရေကျော်မှုရှိသောကြောင့် ရေအမှတ်များ ပြန်လည်ကျဆင်းလျက်ရှိသည်။

အလားတူ ရေလှောင်တမံ အောက်ပိုင်း မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမှာလည်း စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ကားလမ်းမပေါ် ရေနှစ်ပေခန့်ကျော်ခဲ့ပြီး ယနေ့ နံနက်ပိုင်းမှ စတင်၍ ရေကျော်မှု လျော့နည်းလာသဖြင့် မော်တော်ယာဉ်ငယ်လေးများပါ ဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကြက်မောက်တောင် ရေလှောင်တမံအနီးဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


မှော်ဘီမြို့နယ်
ဝင်းဇော်(ပြန်/ဆက်)


ကျိုင်းတုံမြို့နယ်
အေးမောင်(ကျိုင်းတုံ)


တပ်ကုန်းမြို့နယ်
တင်စိုးလွင်


မြန်အောင်မြို့နယ်
ဝင်းဗိုလ်(ပြန်/ဆက်)


ဒက္ခိဏသီရိမြို့နယ်
အောင်သူရဦး(ဒက္ခိဏ)


တနသ်ာရီမြို့နယ်
သီသီခိုင်(တနသ်ာရီ)


ကော့သောင်းမြို့နယ်
ခရိုင်(ပြန်/ဆက်)


မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး


ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

မြင့်မြင့်ရီ


မောက်မယ်မြို့နယ်
စိုင်းမျိုးသန့်(မောက်မယ်)


ညောင်ရွှေမြို့နယ်
စိုင်းအယ်ဘဲ


ညောင်ဦးမြို့နယ်
ခရိုင်(ပြန်/ဆက်)


မကွေးမြို့နယ်
ခရိုင်(ပြန်/ဆက်)


လောင်းလုံးမြို့နယ်
သိန်းသိန်း(လောင်းလုံး)


ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)


မြစ်သားမြို့နယ်
ဝါဝါမြင့်(မြစ်သား)


ပြင်ဦးလွင်မြို့နယ်
ခရိုင်(ပြန်/ဆက်)


မြို့သစ်မြို့နယ်
သန်းဝင်းထွန်း(ပြန်/ဆက်)

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ပင်းတယမြို့နယ်
အောင်ကိုဦး(ပြန်/ဆက်)


မဟာအောင်မြေမြို့နယ်
ရွှေတိုး


မင်းဘူး(စကု)မြို့နယ်
မောင်မောင်(မင်းဘူး)


မိုင်းပျဉ်းမြို့နယ်
နန်းသန္တာဦး(ပြန်/ဆက်)


မြောင်းမြမြို့နယ်
အောင်ဖြိုး


မိုင်းပန်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကြံခင်းမြို့နယ်
ဖြိုးဝေလင်း(ပြန်/ဆက်)


မိုးနဲမြို့နယ်
မြို့နယ်(ပြန်/ဆက်)


သထုံမြို့နယ်
ခရိုင်(ပြန်/ဆက်)


လားရှိုးမြို့နယ်
ခရိုင်(ပြန်/ဆက်)


ဖျာပုံမြို့နယ်
အောင်ဝင်းနိုင်(ပြန်/ဆက်)


ပင်လောင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မြဝတီမြို့နယ်
ဆောင်းနှင်းဖြူ(ပြန်/ဆက်)


ဒေါပုံမြို့နယ်
ချစ်စုဝေ(ပြန်/ဆက်)


မိုင်းရှူးမြို့နယ်
သန်းလူ(ပြန်/ဆက်)


အောင်မြေသာစံမြို့နယ်
မြင့်မော်ထွန်း(ပြန်/ဆက်)


မိုင်းယောင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မော်လမြိုင်ကျွန်းမြို့နယ်
ရဲကိုမောင်(ပြန်/ဆက်)




## ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ သက်ကြီးပူဇော်ပွဲကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၁**

ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို ယနေ့တွင် ကျိုင်းတုံဘိုးဘွားရိပ်သာ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံး ဝန်ထမ်းများက ဘိုးဘွားများအား ကန်တော့ငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့သည်။



**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တောင်ငူကေတုမတီဘိုးဘွားရိပ်သာ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**တောင်ငူ အောက်တိုဘာ ၁**

တောင်ငူမြို့ ကျက်သရေဆောင် ကေတုမတီ ဘိုးဘွားရိပ်သာ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ကြာနီကန်စာသင်တိုက် နိုင်ငံတော်သြဝါဒစရိယ ဆရာတော် ဘဒ္ဒန္တသူရိယ မဟာထေရ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ မတီဘိုးဘွားရိပ်သာ နာယက ယင်းနောက် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ ကေတု ဦးမြင့်ညို၊ ကေတုမတီဘိုးဘွားရိပ်သာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးလင်း၊ အတွင်းရေးမှူး ဦးယဉ်ဌေးနှင့် ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဧည့်ပရိသတ်များက တောင်ငူမြို့ကျက်သရေဆောင် အောင်မြင်ဇေယျာ စာသင်တိုက် ဆရာတော်၊ကြာနီကန်ဆရာတော်၊ မရမ်းကျောင်းစာသင်တိုက် ဆရာတော်၊ မြစည်းခုံစာသင်တိုက်ဆရာတော်တို့အား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် သံဃာတော်အရှင်မြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် အနုမောဒနာ တရားတော်နာယူကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေ၍ ဘိုးဘွားများအား ပူဇော်ကန်တော့သည်။ **ဇော်ကိုကို (တောင်ငူ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် လှူဒါန်းငွေပေးအပ်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁**

မော်လမြိုင်ကျွန်းမြို့နယ်၌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ် (၁၃) ရပ်ကွက် ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်သဇင်မ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ချမ်းမြေ့ဘိုးဘွားရိပ်သာတွင် နေထိုင်သော ဘိုးဘွား ၂၀ အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ ဘိုးဘွားရိပ်သာ၏ ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ တို့ကို ဘိုးဘွားရိပ်သာ၏ ဂေဟာကော်မတီ ဒုတိယဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

**ရဲကိုမောင်(ပြန်/ ဆက်)**



## ပျော်ဘွယ်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်ပူဇော်



**ပျော်ဘွယ် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းကို ယနေ့တွင် ရှမ်းပွဲရပ်ကွက်ရှိ ပျော်ဘွယ်ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးပုဂ္ဂိုလ်ကော်မတီအတွင်းရေးမှူး ဒေါ်ဆွေဆွေဝင်းက အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်သက်ကြီးပုဂ္ဂိုလ် ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် သက်ကြီးပုဂ္ဂိုလ်ကော်မတီ အဖွဲ့ဝင်များက ဘိုးဘွား ၂၈ ဦးအား ဆန်၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့သည်။

**မင်းမင်းထွေး (ပျော်ဘွယ်)**

## ငါးသိုင်းချောင်းမြို့၌ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

**ငါးသိုင်းချောင်း အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတွင် အသက် ၇၀ နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းကို ယနေ့နံနက်က ဆောင်ရွက်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၏ ဦးဆောင်မှုဖြင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဒေါက်တာကြည်ဦးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလွင်နှင့် အလှူရှင်များက အလှူငွေများနှင့် အာဟာရများ ကျွေးမွေးလှူဒါန်းကြသည်။

ငါးသိုင်းချောင်းမြို့၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဘိုးဘွားများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး ယနေ့တွင် ဘိုးဘွား ၁၄၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**



## ကျိုက်လတ်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အလှူငွေပေးအပ်ပြီး ကျန်းမာရေးစောင့်ရှောက်

**ကျိုက်လတ် အောက်တိုဘာ ၁**

ကျိုက်လတ်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်က ဓမ္မဝိဟာရဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အလှူငွေများပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်သည်။

ထိုသို့ ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် အသက် ၁၀၆ နှစ်အရွယ် အဘိုး ဦးကြွက်နီအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ဓမ္မဝိဟာရဘိုးဘွားရိပ်သာအား ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ရိပ်သာရှိ ဘိုးဘွား ၂၆ ဦးအတွက် တစ်ဦးလျှင် နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၅၂၀၀၀၀ ကို ထောက်ပံ့ခြင်းဖြစ်ပြီး ဘိုးဘွားများ၏ လက်ဝယ်အရောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ သွားရောက်ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန့်ဇော်မောင်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ဓမ္မဝိဟာရဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါ အခြေအနေများ တိုင်းတာစစ်ဆေးပေး၍ လိုအပ်သည့် သောက်ဆေးများ ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့များကလည်း အာဟာရစားသောက်ဖွယ်ရာများ၊ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓအသံဓမ္မဗိမာန်၌ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားတို့ကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သည့် (၆၁)နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

